စိတ်ကူးချိုချိုအနုပညာ

လောကကြီးကို ဉာဏ်ပညာဖြင့် စီမံခန့်ခွဲခြင်း ဗျူဟာများ

ဒေါက်တာထွန်းဝင်း

ခေတ်သစ်ပညာရေးစနစ်မှာ လက်ချာအစား
ဝယ်ရှော ခေါ် အလုပ်ရုံဆွေးနွေးဖွဲ့တွေ လုပ်ကာဟာ
စဉ်းစားခန်း၊ ငြင်းခုံခန်း၊ အမြင်ဖလှယ်ခန်းတွေ ပါလို့
ဉာဏ်သွေးပေးခြင်း တစ်မျိုးလို့ ဆိုချင်ပါတယ်။
ယနေ့ လူငယ်တွေ ဉာဏ်ပညာ ကြီးချင်ရင်
ဖတ်ရုံနဲ့ မပြီးဘဲ စဉ်းစား၊ တွေးခေါ်၊ ဝေဖန်လေ့ကျင့်၊
ဆွေးနွေးငြင်းခုံ၊ မေးမြန်း စတဲ့
ဉာဏ်သွေးနည်းမျိုးစုံနဲ့ ဉာဏ်ကိုသွေးရမယ်။

LLT0060
2,300.00 KS

လောကကြီးကို ဉာဏ်ပညာဖြင့် စိမ်ခန့်ခွဲခြင်းဗျူဟာများ။ ဒေါက်တာထွန်းဝင်း
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၉၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၈၅ ဘေဒီလမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း ရန်ကင်း။
၂၀၁၆၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

လောကကြီးကို ဉာဏ်ပညာဖြင့် စီမံခန့်ခွဲခြင်းဗျူဟာများ

ဒေါက်တာထွန်းဝင်း

ပထမအကြိမ် ၂၀၁၆

မာတိကာ

– စာရေးသူ၏အမှာ က

အခန်း (၁) အသက်ကို ဉာဏ်စောင့်ခြင်း ၁

၁။ မျက်မှောက်ခေတ် ကျွန်တော်တို့ စားသုံးနေကြသော ဆီအချို့၏ လျှို့ဝှက်ချက်အချို့ ၂

၂။ သားဖွားလူနာရှင်တို့၏ ဆုံးဖြတ်ချက် အရေးကြီးပုံ၊ သို့မဟုတ် အသက်ကို ဉာဏ်စောင့်သည် ၇

၃။ စားသုံးသူတို့၏ ဉာဏ်ပညာ၊ သို့မဟုတ် စားသုံးသူတို့ ထမ်းဆောင်လိုက်သောတာဝန်၊ သို့မဟုတ် အော့(လ်)ဘလီဂေးရှင်း ၁၁

အခန်း (၂) ဉာဏ်ပညာဖြင့် ခွဲခြမ်းစိတ်ဖြာခြင်း ၁၇

၄။ ခွဲခြားဆက်ဆံဖို့မလိုသော်လည်း ခွဲခြမ်းစိတ်ဖြာ (analysis) ဖို့တော့လို၏ ၁၈

၅။ ဖွံ့ဖြိုးသော နိုင်ငံသားတို့၏ စရိုက်လက္ခဏာတစ်ခု၊ သို့မဟုတ် ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာမှု (analysis) လုပ်တတ်ခြင်း ၂၄

အခန်း (၃) ဉာဏ်မျက်စိ ၃၁

၆။ ဉာဏ်မျက်စိဖြင့် ကြည့်မှမြင်နိုင်သော တက္ကသိုလ်ကျောင်းတော်ကြီး ၃၂

၇။ ဉာဏ်မျက်စိဖြင့် ကြည့်မှမြင်နိုင်သော ဆေးကုခြင်း ၃၇

၈။ ဉာဏ်မျက်စိဖြင့်ကြည့်လျှင် မြင်နိုင်သောရှက်စရာအဖြစ် ၃၉

၉။ ဆေးတက္ကသိုလ်တက်ခွင့်မရသော သူငယ်များသိအပ်သော ဉာဏ်မျက်စိနှင့် ကြည့်မှသာမြင်နိုင်သော ဆေးကုသူကြီးများ၏ပုံသဏ္ဌာန် ၄၃

၁၀။ ဉာဏ်မျက်စိဖြင့်ကြည့်လျှင် သဘာဝပတ်ဝန်းကျင်ကို အမှန်တကယ်ထိခိုက်စေသော မော်တော်ယာဉ်၏အဓိပ္ပာယ် ၅၀

အခန်း (၄) အကန့်အသတ်ကိုကျော်လွှားမှု မြင်နိုင်သောဉာဏ်ပညာ ၅၅

၁၁။ တစ်ထွာပြရင် တစ်တောင်မြင်မှ လူတော် ၅၆

၁၂။ မြန်မာတွေက အင်္ဂလိပ်ကို စာသင်ပေးနိုင်သော ဉာဏ်စွမ်း ၆၁

၁၃။ ယနေ့လူငယ်တို့ အကန့်အသတ်တစ်ခုကိုကျော်ပြီး ဉာဏ် (wisdom) ဖြင့် စဉ်းစားကြည့်ပါ၊ သို့မဟုတ် အခြေအနေမှန်တစ်ခုကို သဘောပေါက်နိုင်ကြပါစေ ၆၇

အခန်း (၅) ဉာဏ်ပညာဖြင့် ဆေးကုခြင်း၊ သို့မဟုတ် ဆရာဝန်၏ဉာဏ်ပညာ ၇၁

၁၄။ ကျောင်းစာကိုအလွတ်ကျက်တာ ခေတ်မမီတော့ပုံ ဥပမာတစ်ခု၊ သို့မဟုတ် ဉာဏ်ကိုသုံးခြင်း ၇၂

၁၅။ နှလုံးသွေးကြောကျဉ်းရောဂါကို ဉာဏ်ဖြင့်ကုရပုံ ၇၆

၁၆။ ဓားဖြင့်မခွဲဘဲ ဉာဏ်ပညာဖြင့်ခွဲစိတ်ခြင်း၊ သို့မဟုတ် ခွဲစိတ်ခံမယ့် လူနာတွေ သိသင့်သော ခွဲစိတ်ဓားမသုံးတဲ့ ခွဲစိတ်ဆရာဝန်ဆိုတာဘာလဲ ၈၀

၁၇။ ဉာဏ်ဖြင့် အတက်ရောဂါကိုကုပုံ ၈၅

၁၈။ နှလုံးသွေးကြောကျဉ်းရောဂါကို ဉာဏ်ပညာဖြင့် သွေးကြောချဲ့ယူနိုင်ပုံ ၈၇

အခန်း (၆) ဉာဏ်ပညာဖြင့် စီမံခန့်ခွဲခြင်း ၉၃

၁၉။ သမ္ဘာရင့်၊ ဝါရင့်မန်နေဂျာများအား ဉာဏ်ပညာအားဖြင့် စီမံခန့်ခွဲခြင်း ၉၄

၂၀။ အသိပညာကို ဉာဏ်ပညာ(WISDOM) ဖြင့် စီမံခန့်ခွဲခြင်း ၉၈

၂၁။ သိတာတစ်ခုကို ဉာဏ် WISDOM ဖြင့် အသုံးချပုံ ၁၀၂

အခန်း (၇) စဉ်းစားခြင်းဉာဏ်ပညာ ၁၀၉

၂၂။ ယှဉ်ပြိုင်ကြရာတွင် နှစ်ဖက်လုံးနိုင်သော နည်းအတွက် စဉ်းစားခြင်း အရေးပါပုံ ၁၁၀

၂၃။ ဂျပန်လုပ်မော်တော်ဆိုင်ကယ်မှာ ရေတိုင်ကီထည့်ထားတာ ဘာကြောင့်လဲ၊ ဉာဏ် (wisdom) ဖြင့် စဉ်းစားခြင်း ၁၁၅

၂၄။ စာရှုသူတို့၏ စဉ်းစားဉာဏ်ကို စေ့ဆော်ခြင်းနှင့် ခြိုစည်းရိုးခွမထိုင်သော စာရေးဆရာနောက်တစ်မျိုး ဆိုသည်မှာ၊ သို့မဟုတ် ဉာဏ်ပညာကို လှုံ့ဆော်သော စာရေးဆရာဆိုသည်မှာ ၁၂၂

၂၅။ အကျင့်ပျက်ခြစားခြင်းကို တိုက်ဖျက်သော နည်းလမ်းတစ်ခု၊ သို့မဟုတ် ဉာဏ်ပညာ (wisdom) ကိုလှုံ့ဆော်ခြင်း ၁၂၆

၂၆။ မြန်မာတွေ စဉ်းစားတတ်ပြီလားဟု အမေးရှိခဲ့ဖူးသူ စင်ကာပူနိုင်ငံသားတစ်ဦးအတွက် အဖြေ ၁၃၂

၂၇။ ယနေ့လူငယ်တို့သိအပ်သော အလုပ်ရုံဆွေးနွေးပွဲ
Work Shop နှင့် စဉ်းစားခြင်းအနုပညာ Art of Thinking ၁၃၆

အခန်း (၈) ဆိုလိုရင်းကို ဉာဏ်ဖြင့် သိခြင်း သို့မဟုတ်
ဆောင်းပါးများအား အဓိပ္ပာယ်ပြန်ဆိုခြင်းအတတ်ပညာ ၁၄၃
၂၈။ ဆောင်းပါးများအား အဓိပ္ပာယ်ပြန်ဆိုခြင်း အတတ်ပညာ ၁၄၄

အခန်း (၉) ဉာဏ်ကောင်းစေသော အိုင်အိုဒင်းဆား ၁၅၁
၂၉။ ကျောင်းသားလူငယ်လူသားအရင်းအမြစ်များ
ဖွံ့ဖြိုးရေးလုပ်ငန်း စတင်ရမည့်အချိန်မှာ သူတို့လူမဖြစ်မီ
သူတို့၏ ယခင်ဘဝကတည်းက စရပါမည် ၁၅၂

အခန်း (၁၀) ဉာဏ်ပညာကို အလွဲသုံးစားခြင်း၊ သို့မဟုတ် လူလည် ၁၅၇
၃၀။ ဖွံ့ဖြိုးသောနိုင်ငံသားတို့၏ စရိုက်လက္ခဏာတစ်ခု၊
သို့မဟုတ် လူလည်မလုပ်ခြင်း ၁၅၈

အခန်း (၁၁) ဉာဏ်ကိုလွှာ၍သုံးခြင်း၊ သို့မဟုတ် ပညာသားပါပါအလုပ်လုပ်ပုံ ၁၆၅
၃၁။ ပညာသားပါပါရေးခဲ့ရတဲ့ ထောက်ခံစာတစ်စောင် ၁၆၆

အခန်း (၁၂) ဉာဏ်အမြော်အမြင် ၁၇၁
၃၂။ ရေတိုကိုသာကြည့်တတ်သော လုပ်ငန်းရှင်များနှင့်
ရေရှည်ကိုပါကြည့်တတ်သော လုပ်ငန်းရှင်များအကြောင်း ၁၇၂

အခန်း (၁၃) ဆင်းရဲခြင်းကို ဉာဏ်ဖြင့်တိုက်ဖျက်ခြင်း ၁၇၇
၃၃။ ဆင်းရဲမွဲတေမှုပြဿနာကို အသိဉာဏ်ဖြင့်
ရင်ဆိုင်ကျော်လွှားခြင်း ၁၇၈

အခန်း (၁၄) ဉာဏ်ပညာဖြင့် ကြိုတင်သိနိုင်စွမ်း၊ သို့မဟုတ်
တစ်ကွက်ဦးသော ဉာဏ်ပညာ၊ သို့မဟုတ်
ဉာဏ်ဖြင့်တွေးကြည့်လျှင် ပြေးကြည့်တာ ထက်မှန်သည် ၁၈၇
၃၄။ တစ်ကွက်ဦးသော ဉာဏ် (သို့မဟုတ်)
ဒေါက်တာရမ်းကု၏ လုပ်ပုံကို ကြိုသိနိုင်စွမ်း ၁၈၈

စာရေးသူ၏အမှာ

ဆေးပညာမှာ မလေးရှားက မြန်မာထက် ခေါင်းလုံးပိုမြင့်တယ် ဆိုတာ တကယ်လား?

ကျွန်တော့်ကို တစ်နေ့မှာ ဇနီးက ဂျာနယ်ဟောင်းတစ်စောင်ကို လာပြတယ်။ 7 Day ဂျာနယ် Vol. 11, No.22, August 9, 2012 ကို ဖတ်ကြည့်တော့ အမေရိကန်နိုင်ငံ ဝျန်ဟော့ကင်းတက္ကသိုလ်က ပါမောက္ခ ဒေါက်တာချားလ်ဝီနာနဲ့ တွေ့ဆုံမေးမြန်းခန်းကို တွေ့ရပါတယ်။ အဲဒီမှာ "ဆေးပညာနဲ့ပတ်သက်ပြီးတော့ မလေးရှားက မြန်မာထက် ခေါင်းတစ်လုံးပိုသာနေပြီ"လို့ ခေါင်းစဉ်ကို တွေ့ရပါသည်။

ဇနီးသည်က မလေးရှားဆေးပညာဟာ တကယ်ပဲ မြန်မာထက် ခေါင်းတစ်လုံးပိုသာနေတာ တကယ်ပဲလားလို့ မေးခွန်းထုတ်ပါတယ်။ ဒီမေးခွန်းဖြေရမယ်ဆိုရင်တော့ ဥပမာအားဖြင့် ကမ္ဘာထိပ်တန်း အမေရိကန်နိုင်ငံက ထိပ်တန်းဆေးရုံကြီးက ဆေးကုသနည်းပညာနဲ့ဖွံ့ဖြိုးဆဲနိုင်ငံ ကျေးလက်ဒေသက တိုက်နယ်ဆေးရုံလေးရဲ့ နည်းပညာမှာ အမေရိကန်ဆေးရုံကြီးက သာကောင်းသာမှာပါ။ ဒါက နည်းပညာသာမှာဖြစ်နိုင်

ပါတယ်။ ဒါပေမဲ့ ဆေးပညာ (MEDICINE) ဆိုတာဟာ နည်းပညာ (THCHNOLOGY)နဲ့ ဉာဏ်ပညာ (WISDOM)တို့ ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။ မြန်မာပြည်က ဆရာဝန်တစ်ယောက်ရဲ့ဉာဏ် WISDOM ဆိုတာကို အမေရိကန်၊ မလေးရှား၊ စင်ကာပူတို့က သာမယ်ဆိုတာ မသေချာပါဘူး။ မြန်မာကလည်း သာချင်သာနေမှာပါ။

ဥပမာတစ်ခုပေးရမယ်ဆိုရင်တော့ ဒီလိုပါ။ တစ်ခါတုန်းက မြန်မာနိုင်ငံမှာ အသက် ၆၅ နှစ် အမျိုးသမီးကြီးတစ်ဦးဟာ ရွှေဆိုင်ဖွင့်တယ်။ သားငါးယောက်ထွန်းကားရာမှာ ငါးဦးစလုံး ဆရာဝန်တွေဖြစ်ပါတယ်။ တစ်နေ့မှာ သူမရဲ့ရွှေငါးဆယ်သား အထုပ်အခိုးခံရလို့ ဗေဒင်မေး၊ နတ်မေးရင်းနဲ့ တဖြည်းဖြည်း စိတ္တဇရောဂါလက္ခဏာတွေ ပြလာပါတယ်။ သူမရဲ့သားငယ် ဆရာဝန်လေးဦးက မိခင်ကြီးကို စိတ်ရောဂါအထူးကုဆေးရုံသို့ ပို့ချင်ပါတယ်။ ဒါပေမဲ့ အစ်ကိုအကြီးဆုံး ဆရာဝန်ကြီးရဲ့အကြံပြုချက်အရ ညီအစ်ကိုငါးယောက်တစ်ယောက်ကို ရွှေတစ်ဆယ်သားစီထည့်ဝင်ပြီး ရွှေတုံးလုပ်လိုက်တယ်။ ပြီးတော့ သူခိုးဆီကပြန်ရတယ်လို့ပြောပြီး မိခင်ကြီးကိုပေးလိုက်တော့ မိခင်ကြီးရဲ့ စိတ္တဇဝေဒနာပျောက်သွားပါတော့တယ်။ အဲဒါက ဉာဏ်ပညာနဲ့ဆေးကုပုံ။ ဒါကြောင့် မြန်မာဆရာဝန်တွေဟာ မလေးရှားထက်ဉာဏ်ပညာ နောက်မကျဘူးလို့ ထင်မိပါတယ်။

မြန်မာဆရာဝန်တို့ရဲ့ ဉာဏ်ပညာဟာ ခေါင်းတစ်လုံးမနိမ့်နေပါဘူးရယ်လို့ ကျွန်တော်ကပြောတော့ မျိုးချစ်စိတ်ရှိတဲ့ဇနီးသည်က ဝမ်းသာသွားပါတယ်။ ဉာဏ်ပညာ (WISDOM)အကြောင်းကိုဆောင်းပါး ရေးဦးရယ်လို့ အကြံပြုလာပါတယ်။ တကယ်တော့လည်း WISDOM ဆိုတာဟာ ဆရာဝန်ရယ်လို့မှမဟုတ်၊ အင်ဂျင်နီယာဖြစ်ဖြစ်၊ ကျောင်းဆရာဖြစ်ဖြစ် မန်နေဂျာပဲဖြစ်ဖြစ် အားလုံးအတွက်အရေးကြီးပါတယ်။ ဒါကြောင့် (WISDOM) အကြောင်းကိုရေးသားလိုပါတယ်။

WISDOM ဆိုတဲ့စကားကို အဘိဓာန်မှာဖော်ပြချက်ကတော့

WISDOM

Ability to make sensible decisions and good advise because of the experience and knowledge. အဓိပ္ပာယ်ကတော့ ဉာဏ်

ပညာဆိုကဟာ ဆုံးဖြတ်ချက်နဲ့ အကြံဉာဏ်များကို ပြုလုပ်ရာမှာ စိတ်ခံစားချက်ကြောင့်မဟုတ်ဘဲ အတွေ့အကြုံနဲ့အသိကိုအခြေပြု၍ ဆောင်ရွက်နိုင်သောစွမ်းရည်လို့ဆိုပါတယ်။ WISDOMအကြောင်းကို ရေးရာမှာ စကားလုံးအတွဲအစပ်လေးတွေဖြစ်တဲ့ (Data) (information) (Knowledge) ဆိုတဲ့ စကားရပ်များကိုနဲ့နဲ့တင်ပြပါရစေ။ Data(ဒေတာ) ဆိုတာကတော့ ကိန်းဂဏန်းတွေဖြစ်ပါတယ်။ ဥပမာမြန်မာနိုင်ငံရဲ့ လူဦးရေသန်းပေါင်း ၆၀ ရှိတယ်ဆိုရင် အဲဒါကိန်းဂဏန်းပါ။ မြန်မာနိုင်ငံမှာ နာဂစ်မုန်တိုင်းဖြစ်ခဲ့တယ်လို့ပြောရင် အဲဒါကတော့ ကိန်းဂဏန်းမပါတဲ့သတင်း information ဖြစ်ပါတယ်။

Knowledge ဆိုတဲ့သုတကတော့ (data) (information) အဆိုအမိန့်တွေကို သိရှိနားလည်တဲ့အကြားအမြင်များခြင်းပဲဖြစ်ပါတယ်။ (data) (information) (Knowlege) တွေကို အခြေပြုဦးနှောက်ရဲ့ ကြိုးစားမှုကြောင့် ဉာဏ်ပညာ WISDOM ဆိုတာပေါ်ပေါက်ပါတယ်။ ကမ္ဘာ့ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းက ပြောတာကတော့

"WISDOM IS NOT A PRODUCT OF SCHOOLING. BUT OF THE LIFT LONG ATTEMP TO ACQUIRE IT. လို့ဆိုပါတယ်။

အဓိပ္ပာယ်ကတော့ ဉာဏ်ပညာဆိုတာဟာ ကျောင်းရဲ့ထွက်ကုန်ပစ္စည်းမဟုတ်ဘူး။ ဉာဏ်ပညာဆိုတာဟာ ရအောင် ဘဝတစ်ခုလုံး ကြိုးစားရတာဖြစ်တယ်လို့ဆိုပါတယ်။

ဒီတော့ ကျောင်းနေရုံနဲ့ ဉာဏ်ဖြစ်မလာဘဲ ကြိုးစားမှ ဉာဏ်ဖြစ်လာပါတယ်။ ဒီတော့ ကမ္ဘာ့နာမည်ကြီး ဟားဘတ်တက္ကသိုလ်၊ အောက်စဖို့တက္ကသိုလ်ကြီးတွေ မတက်ဖူးသော်လည်း ကြိုးစားရင် ဉာဏ်ရနိုင်ပါတယ်။ ဒီတော့ အသိပညာဆိုတာသင်ယူရတယ်။ ဉာဏ်ပညာဆိုတာ ကြိုးစားရယူရတယ်လို့ဆိုနိုင်ပါတယ်။ ဉာဏ်ကိုရအောင် ကြိုးစားတဲ့အခါ၊ ရပြီးဉာဏ်ကို တောက်ပြောင်အောင်သွေးတဲ့အခါ ထူးချွန်ဉာဏ်ကောင်းတယ်၊ ဉာဏ်တော်တယ် (သို့မဟုတ်) Intelligent ဖြစ်တယ်ရယ်လို့ခေါ်ပါတယ်။ ဉာဏ်မတော်ရင် ဉာဏ်ထိုင်းတယ်။ Foolish ရယ်လို့ခေါ်ပါတယ်။

Intelligent ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ Good in Learning, Understanding and Thinking in a logical way about things.

အဓိပ္ပာယ်ကတော့ အရာဝတ္ထုများအကြောင်းကို အကျိုးအကြောင်းဆက်စပ်၍ လေ့လာသင်ယူခြင်း၊ နားလည်ခြင်း၊ တွေးခေါ်ခြင်းတို့မှာ တော်ခြင်းကို ခေါ်တယ်လို့ဆိုပါတယ်။

ကျွန်တော်ကတော့ မြန်မာပြည်က လူငယ်တွေကို မြှောက်ပင့်ပေးချင်ပါတယ်။ ဆေးလိပ်သောက်ဖို့၊ ရည်းစားထားဖို့၊ ကျောင်းပြေးဖို့၊ နိုက်ကလပ်သွားဖို့စတာတွေကို မြှောက်မပေးလိုပါ။ ဉာဏ်ပညာထက်အောင် ကြိုးစားကြပါလို့ မြှောက်ပင့်ပေးချင်ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှု နောက်ကျခဲ့တာကြောင့် ဟိုကအထင်သေးလိုက်၊ ဒီက အထင်သေးလိုက်မဖြစ်အောင် လုပ်ရပါမယ်။

ခုနေခါမှာတော့ အမေရိကန်က ပါမောက္ခဆရာဝန်ကြီးက ဆေးပညာမှာ မလေးရှားက မြန်မာထက်ခေါင်းတစ်လုံး သာနေပါတယ်လို့ ဆိုလိုက်တော့ သူ့ကို စိတ်ဆိုးစရာမလိုပါဘူး။ သူက ကြိုးစားစေချင်တဲ့စေတနာနဲ့ စေ့ဆော်ပေးတာ ဖြစ်ပါတယ်။ ဒါပေမဲ့ နောင်အခါမှာတော့ ဒီလိုအထင်မခံရအောင် ကြိုးစားဖို့ကတော့ လူငယ်တွေရဲ့တာဝန်ပဲဖြစ်ပါတယ်။

ဒီတော့ ကောင်းပြီ၊ ကြိုးစားရမယ်ဆိုရင်ထားပါတော့၊ ကြိုးစားပါ့မယ်။ ဘယ်လိုကြိုးစားရမှာလဲလို့မေးရင်တော့ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းရဲ့ အဆိုအရ ဉာဏ်ကောင်းဖို့ ကမ္ဘာထိပ်တန်းတက္ကသိုလ်ကြီးတွေက Ph.D ဘွဲ့ရရန်မလိုပါ။ ဒါကြောင့် လူငယ်တွေအားငယ်ရန် မလိုပါဘူး။ အိုင်းစတိုင်းကိုယ်တိုင်လည်း ရူပဗေဒထိပ်ခေါင်တင်ဉာဏ်ကြီးရှင်ဖြစ်ပေမဲ့ သူဟာ ဖဒန်းအထိပဲ ကျောင်းနေဖူးပါတယ်။ ပထမဦးစွာ ဉာဏ်ကြီးခြင်းဟာ ဘာလဲဆိုတာ သိချင်ရင်တော့ ရှေးဦးစွာဇာတ်တော်ကြီးဆယ်ဘွဲ့မှာ ဘုရားအလောင်း မဟော်သဓာနဲ့ ဉာဏ်ပညာအကြောင်း ပြည့်ပြည့်စုံစုံဖတ်ကြည့်ပါလို့ အကြံပြုလိုပါတယ်။

အဲဒီမှာတော့ ဉာဏ်ပညာရှိ မဟော်သဓာရဲ့ ဉာဏ်ကို အသုံးချပုံ (WISDOM APPLICATION) ကို တွေ့မြင်ရနိုင်ပါတယ်။ တစ်ဖန် စာရေးဆရာကြီး ရွှေဥဒေါင်းရေးခဲ့တဲ့ စုံထောက်မောင်စံရှားဝတ္ထုမှာ ရာဇဝတ်မှု

တွေကို ဉာဏ်ပညာနဲ့ဖော်ထုတ်ပုံကို ဖတ်နိုင်ပါတယ်။

ကျွန်တော်ဟာ ဉာဏ်ပညာအကြောင်း ဆောင်းပါးတစ်ပုဒ်ရေးနေတာ သိတဲ့ ကျွန်တော့်ဇနီးက ကျွန်တော်ကို ဉာဏ်ပညာ WISDOM နဲ့ ပတ်သက်တဲ့စာအုပ်တစ်အုပ်လောက် လူငယ်တွေအတွက်ရေးပါလားလို့ အကြံပြုလာပါတယ်။ ကျွန်တော်က အကြံကိုလက်ခံလိုက်ပြီး ရေးမယ်လို့ ပြောလိုက်ပါတယ်။ ၂၄ နာရီလောက်ကြာတော့ WISDOM အကြောင်း စာအုပ်တစ်အုပ်ရေးပြီးသွားပြီလို့ပြောလိုက်တော့ ဇနီးက အံ့သြသွားပါတယ်။

လုံးချင်းစာအုပ်တစ်အုပ်ကို ၂၄ နာရီအတွင်းရေးတာဆိုတာ မဖြစ်နိုင်ဘူး။ ဖောင်တိန်တစ်ချောင်းရဲ့အမြန်နှုန်းက ဒီလောက်မရှိပါဘူးလို့ ဆိုတော့ ကျွန်တော်ကပြောရတာကတော့ ဖောင်တိန်နဲ့ရေးရင်တော့ အနည်းဆုံးတစ်လလောက်ကြာမှာပေါ့။ ဉာဏ်နဲ့ရေးတော့ ချက်ချင်းပြီးတာပါလို့ ပြောလိုက်ရပါတယ်။ ဉာဏ်နဲ့ဘယ်လိုရေးတာလဲလို့ သူက ပြန်မေးတော့ အဖြေကဒီလိုပါ။ ရေးမယ့်စာကို ဉာဏ်မျက်စိနဲ့ကြည့်ရင် ဝေးဝေးလံလံရှာစရာမလိုပါဘူး။ ကျွန်တော့်ရဲ့ စာကြည့်ခန်းထဲမှာတင် ရှိပါတယ်။ ကျွန်တော်ဟာ ဆောင်းပါးပေါင်း ၉၈၀ ကျော်ခဲ့လောက် ရေးဖူးတော့ အဲဒီအထဲက ဉာဏ်ပညာနဲ့ဆိုင်တဲ့ ဆောင်းပါးပုဒ်ရေကို ရှာကြည့်တော့ ဆောင်းပါးပုဒ်ရေ ၄၀ နီးပါးခန့်ထွက်လာပါတယ်။

အဲဒီဆောင်းပါးခေါင်းစဉ်တွေကို တူရာတူရာစုပြီးအခန်းခွဲလိုက်တော့ စာအုပ်တစ်အုပ်ဖြစ်သွားပါတော့တယ်။ ဉာဏ်ပညာအသုံးပြုပုံ ဥပမာများကို ရေးသားရာမှာ လက်လှမ်းမီသလောက် အတွေ့အကြုံအဖြစ်အပျက်များကို သာရေးခဲ့ရပြီး ကျွန်တော်မသိလိုက်သော မြန်မာနိုင်ငံသားများ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာတို့ရဲ့ဉာဏ်လှုပ်ရှားပုံတွေ မပါနိုင်၍ စာအုပ်တစ်အုပ်ဟာ ပြီးပြည့်စုံရန်မလွယ်ပါ။

စာရေးဆရာ ဒေါက်တာထွန်းဝင်းထက် ဉာဏ်ပညာကြီးသော မြန်မာနိုင်ငံသားတွေ အများကြီးရှိမယ်ဆိုတာ သေချာပါတယ်။ နောင်လာ နောက်သား လူငယ်များကို ကျွန်တော်တို့ထက် ဉာဏ်ပညာသာစေချင်ပါတယ်။ ဒါမှလည်း အနာဂတ်တစ်ချိန်ချိန်မှာ မလေးရှားထက်သာမက အမေရိကန်ထက်တောင် သာလွန်မှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဉာဏ်ပညာအမျိုး အစား

ပေါင်း ထောင်သောင်းမကရှိနိုင်ပါတယ်။ ဥပမာပြုပါဆိုရင် ရယ်စရာပြောတတ်ရင် ဟာသဉာဏ်၊ အသိကိုမှတ်မိအားကောင်းရင် မှတ်ဉာဏ်၊ တွက်တတ်ရင်သင်္ချာဉာဏ် စသည်ဖြင့် များလှပါတယ်။

လောကီဉာဏ်ထက်မြင့်တာကတော့ နိဗ္ဗာန်ရောက်ကြောင်း၊ ဝိပဿနာဉာဏ်မှာလည်း ဉာဏ်အဆင့်ဆင့်ရှိပါတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာကတော့ အမြင့်ဆုံးဉာဏ်ဖြစ်ပြီး နိဗ္ဗာန်ကိုမြင်နိုင်တဲ့ ဉာဏ်ဖြစ်ပါတယ်။ ဝိပဿနာဉာဏ်မှာ အဆင့်ဆင့်ရှိရာ ဉာဏ်အနိမ့်အပိုင်းကိုရဖို့ စာဖတ်ရုံနဲ့ ရနိုင်ပြီး ဉာဏ်အမြင့်ကိုရဖို့ တရားအားထုတ်မှရမယ်ဆိုပါတယ်။

လောကီဉာဏ်အမျိုးမျိုးကိုရဖို့အတွက် သိအောင်လုပ်ခြင်း၊ တွေးတောစဉ်းစားခြင်း၊ လေ့ကျင့်ခြင်းတို့ပါဝင်ပါတယ်။ ဖတ်ခြင်း၊ တွေးခြင်း၊ လေ့ကျင့်ခြင်း၊ ဆွေးနွေးခြင်း၊ မေးခွန်းထုတ်ခြင်း စသည်တို့ဟာ ဉာဏ်သွေးနည်းများပဲဖြစ်ကြပါတယ်။

ဉာဏ်လေ့ကျင့်ခြင်းရဲ့ဥပမာတစ်ခုကတော့ လူရွှင်တော်တွေဟာ၊ ဟာသဉာဏ်ထက်ဖို့ ပြက်လုံးတွေကို လေ့ကျင့်ရပါတယ်။ ခေတ်သစ်ပညာရေးစနစ်မှာ လက်ချာအစား ဝပ်ရှော့ခေါ် အလုပ်ရုံဆွေးနွေးပွဲ တွေလုပ်တာဟာ အလုပ်ရုံဆွေးနွေးပွဲမှာ စဉ်းစားခန်း၊ ငြင်းခုံခန်း၊ အမြင်ဖလှယ်ခန်းတွေပါလို့ ဉာဏ်သွေးပေးခြင်းတစ်မျိုးလို့ ဆိုချင်ပါတယ်။ ယနေ့လူငယ်တွေ ဉာဏ်ပညာကြီးချင်ရင် ဖတ်ရုံနဲ့မပြီးဘဲ စဉ်းစား၊ တွေးခေါ်၊ ဝေဖန်လေ့ကျင့်၊ ဆွေးနွေး၊ ငြင်းခုံ၊ မေးမြန်းစတဲ့ ဉာဏ်သွေးနည်းမျိုးစုံနဲ့ ဉာဏ်ကိုသွေးရမယ်လို့ မှာကြားလိုပါကြောင်း။

အခန်း (၁)

အသက်ကို ဉာဏ်စောင့်ခြင်း

မျက်မှောက်ခေတ် ကျွန်တော်တို့ စားသုံးနေကြသော ဆီအချို့၏ လျှို့ဝှက်ချက်အချို့

ယနေ့မျက်မှောက်ခေတ်မှာ ဂျာနယ်တို့၏အဆိုအရ ကျွန်တော်တို့နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်တင်သွားလာကြသော စားသုံးဆီတို့တွင် အန္တရာယ်မကင်းကြောင်းသိရ၍ ကျန်းမာရေးလုံခြုံမှုအတွက် တာဝန်ရှိသူတို့ ကာကွယ်ရေးလုပ်ငန်းလုပ်ရန် အလုပ်များသွားကြောင်း သိရပါသည်။ မသန့်သောဆီများကြောင့် စားသုံးသူအများပြည်သူတို့သည် ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်း၊ လေဖြတ်၊ ဦးနှောက် သွေးကြောပေါက်စသော ဝေဒနာများ ခံစားကြရပါမည်။ ဤသို့သော ဘေးအန္တရာယ်များမှ ပြည်သူတို့ကိုကာကွယ်ရန် ကျန်းမာရေးဌာနတစ်ခုတည်းမှာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူအချင်းချင်းလည်း လက်တို့၍သတင်းပေးရန် တာဝန်ရှိပါသည်။ သို့ပါ၍ ကျွန်တော်သည် ပြည်သူ့အချင်းချင်း လက်တို့သတင်းပေးသည့်အနေဖြင့် ကျွန်တော် သိသမျှ ယနေ့ ကျွန်တော်တို့ စားသုံးနေရတဲ့ဆီတွေအကြောင်းကို ဖောက်သည်ချလိုသဖြင့် ဤဆောင်းပါးကို တင်ဆက်လိုက်ရပါသည်။

ကျွန်တော်တို့ငယ်ငယ်တုန်းက လွမ်းစရာဆီသန့် . . .

ကျွန်တော်တို့ငယ်ငယ်ကလေးအရွယ်က ဘူးသီးကြော်တစ်ခုကို ငါးပြားပါ။ လက်ဖက်ရည်တစ်ခွက်က ၂၅ ပြားပါ။ ငါးပြားတန် ဘူးသီးကြော်ကို ပဲဆီသန့်နဲ့ကြော်တာ စားလို့ကောင်းလိုက်တာကို လွမ်းမိပါတယ်။ အဲဒီခေတ်က အုန်းဆီဆိုတာ ကျွန်တော်သိသလောက် အမျိုးသမီးတွေ ဆံပင်လိမ်းတာပါ။ နောက်တော့ စားအုန်းဆီရယ်လို့ ပေါ်လာပါတယ်။ စားအုန်းဆီကတော့ ပဲဆီသန့်လောက် ကျန်းမာရေးကို အထောက်အကူမပြုပါဘူး။

သို့သော်လည်း ဝက်ဆီနဲ့စာရင်တော့ နည်းနည်းတော်ပါသေးတယ်လို့ဆိုရပါမယ်။ ကျွန်တော်တို့မိတ်ဆွေ ခေါက်ဆွဲကြော် ဆိုင်ပိုင်ရှင်တစ်ဦးကတော့ သူရဲ့ဆိုင်မှာ ခေါက်ဆွဲကြော်ကို စားအုန်းဆီနဲ့ ကြော်တယ်လို့ ပွင့်ပွင့်လင်းလင်း ဝန်ခံရှာပါတယ်။ ဒီတော့ ပွင့်လင်းမှုအတွက် ကျွန်တော် ချီးမွမ်းမိပါတယ်။

စားလို့အလွန်ကောင်းတဲ့ ခေါက်ဆွဲကြော်ရဲ့ လျှို့ဝှက်ချက်

တစ်ခါတုန်းက NGO နယ်ရုံးတစ်ရုံးရဲ့စီမံကိန်းမှာ ကျွန်တော်တာဝန်ခံအရာရှိလုပ်တုန်းကတော့ ဦးဖုန်းမြင့်ဆိုတဲ့ ဝန်ထမ်းတစ်ဦးနဲ့အတူ တာဝန်ကျခဲ့ပါတယ်။ တစ်ခါတစ်ရံ ကျွန်တော်တို့ရုံးမှာ ခေါက်ဆွဲ ကြော်တတ်လို့ သူ့ရဲ့လက်ရာက အလွန်ကောင်းပါတယ်။ ကျွန်တော်တို့က အတုခိုးပြီး ကိုယ်တိုင်ခေါက်ဆွဲကြော်ကြည့်တော့ သူရဲ့လက်ရာကို မမီပါ။ ဦးဖုန်းမြင့်ရဲ့ လက်ရာခေါက်ဆွဲကြော်က ချိုနေပါတယ်။ ဘာအချိုမှုန့်သုံးတာလဲလို့ မေးတော့မဖြေဘဲ တဟဲဟဲနဲ့ရယ်နေပါတယ်။

သူတဟဲဟဲရယ်နေတဲ့ ပုံစံကအောင်မြင်တဲ့လေသံကြီးဖြစ်နေလို့ ခေါက်ဆွဲကြော်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေပြီလို့ ဉာဏ်ပညာ WISDOM နဲ့စဉ်းစားတော့ သိလိုက်ပါတယ်။ ဒါနဲ့နောက်တော့မှ သိရတာကတော့ ခေါက်ဆွဲကြော်တဲ့ ပဲဆီသန့်သန့်က ဒယ်အိုးပေါ်မှာ ပူလာရင် ဝက်ဆီတစ်တုံးထည့်လိုက်တော့ ဝက်ဆီကြောင့် ခေါက်ဆွဲကြော်က အချိုမှုန့်ထက် အရသာပိုရှိသွားတာပါ။ ဒီလို ခေါက်ဆွဲကြော်မျိုးတော့ မစားပါရစေနဲ့လို့ ပြောရပါတယ်။

တစ်ခါတုန်းက ကျွန်တော်ရဲ့သူငယ်ချင်းလင်မယား ရန်ဖြစ်ကြရာ အကြောင်းရင်းကို မေးကြည့်တော့ လင်လုပ်သူက ဝက်သားမစားပါဘူး။ မိန်းမလုပ်သူကို ပဲဆီသန့်နဲ့ ကြက်သားဆီပြန်ဟင်း ချက်ခိုင်းပါတယ်။ မိန်းမလုပ်သူက ဆီကုန်သက်သာအောင် ကြက်သားဆီပြန်ဟင်းအိုးထဲကို ဝက်ဆီတစ်တုံးထည့်ထားသော လင်ယောကျ်ားက ဟင်းအိုးလှန်ကြည့်တာ မိသွားလို့ရန်ဖြစ်တာပါ။

တစ်ခါတုန်းက ကျွန်တော်ရဲ့ဇနီးမှာ ခင်မင်တဲ့မိန်းကလေး မိတ်ဆွေတစ်ဦးက ထမင်းဆိုင်ဖွင့်ပါတယ်။ အဲဒါဇနီးသည်က သွားလည်ပါတယ်။ ရင်းနှီးတော့ ဇနီးက ဟင်းချက်တဲ့နေရာ မီးဖိုထဲအထိ ရောက်ပါတယ်။ အဲဒီမှာ ဆိတ်သားဟင်းအိုးက ရောင်းကောင်းပြီး ဟင်းရည်နည်းနည်း လိုလာလို့ ဆိုင်ရှင်က ဝက်ဆီပြန်ဟင်းအိုးထဲက ဟင်းရည်ကို ဆိတ်သားဟင်းရည်အိုးထဲ ရောလိုက်တယ်လို့ဆိုပါတယ်။ ဒါဆိုရင် ဆိတ်သားစားသူတွေ ဝက်ဆီစားပြီး သွေးတိုးပါပြီ။

ထမင်းဆိုင်ရှင်တစ်ဦး၏ စေတနာအမှား

ထမင်းဆိုင်ရှင်တစ်ဦးကတော့ သူရဲ့ဆိုင်မှာ ပဲဆီစစ်စစ်ပဲ သုံးတယ်လို့ဆိုပါတယ်။ ဒါက သူ့ရဲ့စေတနာပါ။ သို့သော် တစ်ခါတုန်းက သူရဲ့ဆိုင်မှာ ကြက်ဥကြော်တစ်လုံး မှာစားဖူးတယ်။ အဲဒီအခါမှာ ကြက်ဥကြော်ကို ပဲဆီစစ်နဲ့ကြော်ပေးတယ်။ ဒါပေမဲ့ ကြက်ဥကြော်က ငါးကြော်နဲ့ နံနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒယ်အိုးတစ်ခုလုံး ဆီတွေအများကြီးထည့်ပြီး ငါးကြော်လိုက်၊ ကြက်ဥကြော်လိုက်၊ ဆီကျန်တွေနဲ့ ဆိတ်သားကြော်လိုက်၊ ကြက်သားကြော်လိုက် လုပ်နေတာပါ။ အဲဒီလိုလုပ်တဲ့ဆီတွေဟာ ဝက်ဆီထက် ကြောက်စရာကောင်းပါတယ်။ ကင်ဆာဖြစ်ဖို့လည်း ပိုပြီးအားပေးပါတယ်။

တစ်ခါတစ်ရံ အကြော်ကြော်တဲ့ဒယ်အိုးမှာ ဆီတွေတူးပြီး အမည်းရောင်ဖြစ်သွားတာဟာ အလွန်အန္တရာယ်ကြီးပါတယ်။ တချို့ဆိုင်တွေကလည်း ပဲဆီသန့်သန့်၊ စေတနာသန့်သန့်ချက်နည်းကြော်နည်းမှန်မှန်နဲ့ ရောင်းချတဲ့ စားသောက်ဆိုင်မျိုးလည်းရှိပါတယ်။ ဆိုင်မှာ ဝယ်စားတိုင်း

အန္တရာယ်ရှိတယ်လို့တော့ မဆိုချင်ပါ။

မျက်မှောက်ခေတ်ကြက်သား

ကျွန်တော်တို့ငယ်ငယ်တုန်းက ကြက်သားဟာ ဒေသခံကြက်ဖြစ်ပြီး အဆီမရှိဘူး။ ယနေ့ခေတ်မှာ မွေးမြူရေးခြံက ဥစားကြက်တွေက အဆီတွေများလိုက်တာ ဘဲသားကျနေတာပဲ။ တစ်နေ့တော့ ကျွန်တော် ဈေးတစ်ခုထဲ လျှောက်သွားရင်းနဲ့ ကြက်သားသည်တစ်ဦးနဲ့ ရင်းနှီးမိပါတယ်။ သူရဲ့ဆိုင်မှာ ကြက်အဆီခဲတွေကို သတ်သတ်ဖယ်ထားတာ တွေ့ရပါတယ်။ ကျွန်တော်က အန္တရာယ်ရှိတဲ့အဆီတွေကို လွှင့်ပစ်လို့လားမေးတော့ မဟုတ်ပါဘူး။ စားသောက်ဆိုင်တစ်ခုကို ဖောက်သည်သွင်းတာလို့ဆိုပါတယ်။ တိုးတိုးတိတ်တိတ်မေးကြည့်တော့ ဖောက်သည်သွင်းတဲ့ဆိုင်က ကျွန်တော် ဝယ်စားနေကျ စားသောက်ဆိုင်ဖြစ်နေတယ်။ အဲဒါကြောင့် အဲဒီဆိုင်မှာ နောက်ကို ဝယ်မစားတော့ပါ။

တစ်ခါတုန်းက ကျွန်တော်ဟာ ထမင်းဆိုင်ပိုင်ရှင်မိသားစုတစ်စုနဲ့ ရင်းနှီးဖူးတယ်။ ကျွန်တော်က ခဏခဏဝယ်စားတော့ ကြက်သားစားမယ်ဆိုရင် သူတို့မိသားစုစားရန်ချက်တဲ့အထဲက ခွဲပေးပါတယ်။ နောက်မှ သိရတာက မိသားစုစားရန် ဟင်းအိုးတွေကို ပဲဆီသန့်နဲ့ချက်ပြီး ဖောက်သည်စားရန် ဟင်းအိုးကြီးတွေကို စားအုန်းဆီနဲ့ချက်တယ်ဆိုပါတယ်။ ဒီလိုတော့ မလုပ်သင့်ပါဘူးထင်ပါတယ်။

မသန့်တဲ့ဆီတွေကြောင့် ရောဂါနဲ့
အသက်အန္တရာယ်ကနေ ဘယ်လိုကာကွယ်မလဲ

ပထမဆင့်ကာကွယ်ခြင်း

ပထမအဆင့်ကာကွယ်ခြင်းဆိုတာ မိမိခန္ဓာကိုယ်ကို မသန့်တဲ့ ဆီတွေကိုမရောက်အောင် ဉာဏ်နဲ့ သတိရှိရပါတယ်။

ဒုတိယအဆင့်ကာကွယ်ခြင်း

ဤအဆင့်ကတော့ မိမိခန္ဓာကိုယ်ထဲကို မသန့်တဲ့ဆီက ရောက်သွားပါပြီ။ ဒါပေမဲ့ နှလုံးရောဂါ၊ သွေးတိုးရောဂါမဖြစ်အောင် အဆီကျတဲ့

ဆေးစားသင့်ပါတယ်။ ဥပမာ– ကြက်သွန်ဖြူစားခြင်း၊ ကြက်သွန်ဖြူ ရည်ညီ စိမ်းဆေးစားခြင်း စတာတွေ ဖြစ်တယ်။

ၛင်းအပြင် ဆေးလိပ်ဖြတ်ခြင်း၊ ကာယလေ့ကျင့်ခန်း ပုံမှန်လုပ်ခြင်း တို့ကို လုပ်သင့်ပါတယ်။

တတိယအဆင့် ကာကွယ်ခြင်း

တတိယအဆင့်ကာကွယ်ခြင်းကတော့ နှလုံးသွေးကြောကျဉ်းသွားရင် ဆရာဝန်နဲ့ပြရန်သာရှိပါတော့တယ်။ ဒါဆိုရင် ဌေးကုန်ကြေးကျ များပါပြီ။

သို့ဖြစ်ပါ၍ မဖြစ်ခင် ကြိုတင်ကာကွယ်ကြပါဟု ဆော်သြ လိုပါ၏။

ကင်ဆာကိုကာကွယ်သော ဖြည့်စွက်စာများကိုလည်း စားသုံးသင့်ပါတယ်။

ကင်ဆာကိုကာကွယ်သော ဖြည့်စွက်စာများမှာ မျက်မှောက်ခေတ် ဆေးဆိုင်များ၌ ဂျုံမြက်နုဆေး၊ ဘီတာကယ်ရိုတင်းပါသော ဗိုက်တာမင် ဆေးများ၊ ဆယ်လီနီယမ်၊ သတ္တုဓာတ်ပါသော အားဆေးများ၊ ရည်ညီစိမ်း ဆေးပြားတို့ကို မိသားစုဆရာဝန်နှင့်တိုင်ပင်၍ စားသင့်ပါကြောင်း။

* * *

သားဖွားလူနာရှင်တို့၏ ဆုံးဖြတ်ချက်အရေးကြီးပုံ၊ သို့မဟုတ် အသက်ကို ဉာဏ်စောင့်သည်

ကျေးလက်ဒေသတစ်ခုတွင် အရပ်လက်သည်နှင့် အသက် ၂၀ ကျော် အရွယ် ကိုယ်ဝန်သည်ကို မီးဖွားစေရာ အခက်အခဲဖြစ်သောအခါ ဒေါက်တာရမ်းကုတစ်ဦးကိုပါ ထပ်၍ခေါ်ရ၏။ ဒေါက်တာရမ်းကုနှင့် အရပ်လက်သည်တို့ပေါင်း၍ ကုသလိုက်သောအခါ မွေးလူနာ အနီစွရောက်ပါ၏။ ထိုအခါ ဒေါက်တာရမ်းကုနှင့် အရပ်လက်သည်ကို တရားစွဲထားသည်ဟု ဂျာနယ်တစ်စောင်တွင် ဖတ်လိုက်ရပါ၏။ ၎င်းဒေါက်တာရမ်းကုနှင့် အရပ်လက်သည်တို့သည် တရားရုံးခ်ဉ် ထောင်ဒဏ်အချခံရမည့်ဘေးနှင့် ရင်ဆိုင်နေရချိန်မှာ မွေးလူနာ မိန်းကလေးကတော့ မသိနားမလည်သောတရားက ပေးသည့် 'သေဒဏ်'ကို ကျခံသွားပါပြီ။ သည်သတင်းကိုဖတ်ရသောအခါ တော်တော်စိတ်မကောင်းဖြစ်ရပါသည်။ သေသေချာချာစဉ်းစားကြည့်တော့ ဒေါက်တာရမ်းကုတို့အား ဆေးကုသခွင့်ပေးလိုက်ခြင်းမှာ လူနာရှင်ပဲဖြစ်နေပါတယ်။ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါဝယ် ဆေးရုံကိုသွားမလား၊ ဒေါက်တာရမ်းကုလက်ထဲမှာ ဆက်နေမလားဆိုသည်မှာ လူနာရှင်၏ ဆုံး

ဖြတ်ချက်က အဓိကကျလွန်းလှ၏။

လူနာကိုဆရာဝန်၊ ဆေးရုံတို့က မစောင့်ရှောက်နိုင်၊ ဒေါက်တာရမ်းကုတို့ကလည်း မစောင့်ရှောက်နိုင်ဘဲ လူနာကို လူနာရှင်ကသာ စောင့်ရှောက်၍ သေရေးရှင်ရေးဆုံးဖြတ်ချက်ကိုချပေးရပါမည်။ ဤအခါ ဉာဏ်ဖြင့်ဆုံးဖြတ်ရမည်ဖြစ်ရာ "အသက်ကိုဉာဏ်စောင့်သည်"ဟူ သော ဆိုရိုးစကားပေါ်လာ၏။ ဥပမာဆေးရုံ၌ အူအတက်ရောင်၍ ခွဲစိတ်ရန်အကြောင်းပေါ်ပါက လူနာရှင်က ခွဲစိတ်ရန်ခွင့်ပြုသဘောတူကြောင်း လက်မှတ်ထိုးရပါမည်။ လူနာရှင်ခွင့်မပြုက ဆရာဝန်ဘာမျှ လုပ်မရပါ။ ဆေးရုံကလည်း လူနာခွင့်မပြုရင် မစောင့်ရှောက်နိုင်၊ လူနာ သေရန်သာရှိ၏။

ထို့ကြောင့် လူနာရှင်၏ဆုံးဖြတ်ချက်သည် ပထမအရေးကြီးပြီး ဆရာဝန်တို့၏ ကုသချက်သည် ဒုတိယနေရာ၌သာ အရေးကြီးပါ၏။

ဒေါက်တာရမ်းကုများနှင့် သားဖွားခြင်းအန္တရာယ်ကိုယ်တိုင် ကြုံခဲ့ရပုံ

အရပ်လက်သည်များကိုမဆိုလိုပါ။ လက်သည်ဆိုသည်မှာ ရှေးပဝေသဏီတည်းကရှိသည်ဖြစ်ပါသည်။ ယခုအခါတွင် လက်သည်များကို သင်တန်းပေး၍ အရံသားဖွားဆရာမများအဖြစ် အသုံးချနေကြပါပြီ။ ယခုတင်ပြလိုသည်မှာ သားဖွားသည့်ကိစ္စများတွင် အချို့ဒေါက်တာရမ်းကုများ ပါဝင်ပတ်သက်လာသည်ကို တွေ့ရခြင်းဖြစ်၏။

ကျေးရွာတစ်ခု၌ ကျွန်တော်ကြုံတွေ့ခဲ့ရဖူးသည်ကတော့ အမျိုးသားဒေါက်တာရမ်းကုတစ်ယောက် ဘယ်ကနေ ဘယ်လို သင်ထားသည်မသိပါ။ ကလေးချက်ကြိုးဖြတ်တာတို့ ဘာတို့ နည်းနည်းပါးပါးလုပ်တတ်နေသည်။ လူနာတွေက အထင်ကြီးသဖြင့် လက်သည်နှင့် မဆိုင်သည့်ကိစ္စမျိုးတွင် သူတို့ခေါ်တတ်ကြသည်။ ဒါပေမဲ့ ကြောက်စရာကောင်းသည့် အချက်ကတော့ အစွမ်းထက်သော သားဖွားမီးယပ်ဆိုင်ရာ သားအိမ်ည, စ်ဆေးများကို လက်ရဲဇက်ရဲ ထိုးပေးခြင်းပင်ဖြစ်ပါသည်။

တစ်ခါက မိန်းကလေးတစ်ဦးကို ဆင်သိုစီနော် (ခေါ်) သားအိမ်ညှစ်ဆေးကို အကြောထဲထိုးပေးရာ မိန်းကလေး၏ သားအိမ်မှာအညှစ်လွန်ပြီး သားအိမ်ကွဲခြင်း (Ruptre Uterus) ဖြစ်သွားရာ ခရိုင်ဆေးရုံကြီးသို့ပို့၍

လူကြီးအသက်ကို မနည်းလုယူရသည်။ သို့သော် သူမမှတ်၊ ဆက်တိုက်ဆောင်ရွက်ဆဲပင်ဖြစ်ပါ၏။ အောက်ပါမွေးလူနာများကို ဆရာဝန်ကိုယ်တိုင် သာမွေးရန်သင့်ကြောင်း သားဖွားမီးယပ်ဌာနများက အကြံပြုထားပါ၏။

(၁) သားဦးလူနာ
(၂) ဆုံဖွား
(၃) အမြွာဖွား
(၄) နှလုံးရောဂါ၊ သွေးအားနည်းရောဂါနှင့် အခြားရောဂါကြီးများရှိ ကိုယ်ဝန်သည်။
(၅) ကလေးငါးယောက်နှင့်အထက်ကိုယ်ဝန်သည်
(၆) မွေးရာတွင်အခက်အခဲရှိဖူးသူများ
(၇) ညှပ်ဆွဲမွေး၊ လေစုပ်မွေး၊ ဗိုက်ခွဲမွေးစသော အထောက်အကူပါဝင်ရသည့် မွေးဖွားခြင်းများ
(၈) ကိုယ်ဝန်ဆိပ်တက်ခြင်းတို့ဖြစ်သည်။

သားဖွားဆရာမများ၊ အရံသားဖွားဆရာမများ မွေးနိုင်သော လူနာများမှာ

– သားဦးမဟုတ်ခြင်း
– ကလေးငါးယောက်နှင့်အထက်မဟုတ်ခြင်း
– နှလုံးနှင့်အခြားရောဂါများမရှိခြင်း တို့ဖြစ်၏။

သို့သော် အချို့ကျေးရွာများတွင် သားဖွားရောဂါဆရာမအချို့မှာလည်း သားဦးလူနာအချို့ကို ခက်ရာခက်ဆစ်မွေးပေးနေသည်ကို တွေ့သဖြင့် ကျွန်တော်မေးကြည့်ဖူးပါ၏။ "ဆရာမတို့ သားဦးလူနာကို ဆေးရုံမလွှဲဘူးလား၊ အက်ပီ(မွေးလမ်းကြောင်းချဲ့ခြင်း)မလုပ်ဘဲ မွေးရတော့ အန္တရာယ်မများဘူးလား။" ထိုအခါ ဆရာမက "အစကတော့ လွှဲတယ်ဒေါက်တာ။ ဒါပေမဲ့ လွှဲတိုင်းမသွားဘူး။ ကျွန်မတို့က ဆေးရုံလွှတ်ရင် ဒေါက်တာရမ်းကုဆီ ရောက်သွားရော၊ ဒါနဲ့ နောက်ပိုင်း ဆရာမတွေက ဒေါက်တာရမ်းကုလောက် မတတ်ဘူးဆိုပြီးဖြစ်ရော။ အဲဒါနဲ့ ကျွန်မတို့လည်း ဒေါက်ပြုတ်ပြီး ရမ်းကုဆီမှာ အန္တရာယ်များမယ့်အတူတူ မထူးဘူးဆိုပြီး စွန့်စားရတာပါပဲ ဒေါက်တာရယ်တဲ့" သို့နှင့် ဒေါက်တာရမ်းကုတို့၏ အန္တရာယ်မှာ တော်တော်ကြီးပါလားဟု

တွေးမိပါ၏။ ဆရာဝန် ကျွန်တော်ကိုယ်တိုင်ပင်လျှင် ဒေါက်ပြုတ်ခဲ့တာမျိုး ရှိပါ၏။

တစ်ခါက မိန်းကလေးတစ်ယောက် သားဦးကိုယ်ဝန် ရေမွှာပေါက်ပြီး အတော်ကြာပြီ။ လူနာမှာ အတော်မောနေ၍ ကျွန်တော့်ကို လာခေါ်၏။ ကျွန်တော်စစ်ကြည့်တော့ ကလေးခေါင်းမြင်နေရပြီ။ ကလေးနှလုံးခုန်နှုန်းက သိပ်မမှန်တော့။ ကျွန်တော်လည်း ညှပ်ဆွဲမွေးရန် လိုသည်ကိုပြောပြီး ညှပ်ကို ပြန်ယူပါ၏။ အဲဒီမှာ ဒေါက်တာရမ်းကုက လူနာအိမ်သို့ ကျွန်တော်မရှိခိုက် ရောက်လာပြီး ညှပ်ဆွဲလျှင်လက်မခံရန်၊ ကလေးခေါင်းပြားသွားနိုင်ကြောင်း ပြောသွား၏။ ကျွန်တော်က ညှပ်ယူပြီးပြန်လာတော့ လူနာရှင်က ရိုးရိုးမွေး ပေးရန်ပြောပါ၏။ ကျွန်တော်က ရှေ့ဆက်၍မရတော့ပါ။ ဆေးရုံသို့ပို့ရန် ကလည်း မိုးရွာ၍ လှည်းလမ်းများပိတ်နေ၏။ မပိတ်လည်း အချိန်မရှိပါ။ ကျွန်တော်လည်း တော်တော်စိတ်ဆိုးပါသည်။ ဒါပေမဲ့ ကျမ်းကျိန်ခဲ့သော ဆရာ့ကျင့်ဝတ် (ဟစ်ပိုကရေးတီးကျမ်းသစ္စာက ခေါင်းထဲဝင်လာ၏။) ဆေး တက္ကသိုလ်၌ဘွဲ့ယူစဉ် ကျမ်းကျိန်ခဲ့ရသော စကားအချို့မှာ "ကျွန်ုပ်သည် ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ ကျန်းမာရေးကို မိမိ၏ကိုယ်ကျိုးစီးပွားကဲ့သို့ အလေးထား ဆောင်ရွက်ပါမည်"ဟုဖြစ်၏။

သို့နှင့် ဒေါသစိတ်ကိုဘေးဖယ်၍ အတတ်နိုင်ဆုံးတော့လုပ်ပေးမည် ဟု ပိုင်းဖြတ်ကာ အက်ပီစီရော်တမီခေါ်မွေးလမ်းကြောင်းချဲ့သော ခွဲစိတ်မှု ကိုပြုလုပ်လိုက်ပါ၏။ တော်တော်ကြိုးစား၍ ကလေးကို ထုတ်ယူရပါ၏။

ရလဒ်ကတော့ ညှပ်ဆွဲလိုက်လျှင် ၅ မိနစ်လောက်နဲ့ ထွက်လာမယ့် ကလေးဟာ နောက်ထပ် ၄၅ မိနစ်လောက်ထပ်ကြာသွားပါသည်။ ကလေး ထွက်လာတော့ ပြာနှမ်း၍နေပြီ။ ဦးနှောက်သို့ သွေးရောက်နည်း ခြင်းခံစားရ ပြီး နှောက်တစ်နေ့မှာ ကလေးတက်ပါသည်။ သေတော့ မသေပါ။ အန္တရာယ် များလှပါ၏။

သင်ခန်းစာ ။ ။ အသက်ကိုဥာဏ်စောင့်ပါ၏။ မိမိတို့အသက်ကို ဒေါက်တာရမ်းကုထံ အပ်သင့်မအပ်သင့် စဉ်းစားကြသင့်၏။

* * *

စားသုံးသူတို့၏ ဉာဏ်ပညာ၊ သို့မဟုတ် စားသုံးသူတို့ ထမ်းဆောင်လိုက်သောတာဝန်၊ သို့မဟုတ် အော့(လ)ဘလီဂေးရှင်း (OBLIGATION)

ကျွန်တော်တို့ငယ်စဉ်တောင်ကျေးကလေးဘဝက အစားအသောက်ထဲမှာ ဓာတုပစ္စည်းရောတယ်ဆိုတာ မကြားဖူးခဲ့ပါဘူး။ ယခု မျက်မှောက်ခေတ်မှာ အန္တရာယ်ရှိတဲ့အစားအသောက်တွေဟာ ကမ္ဘာပေါ်မှာ ရှိနေတယ်ဆိုတာ အသံတွေ ထွက်လာပါတယ်။ ကမ္ဘာနှင့်အဝန်း ဟိုလေးတကျော်ဖြစ်သွားတဲ့ကိစ္စတစ်ခုကို ဥပမာပေးပါဆိုရင်တော့ လွန်ခဲ့တဲ့နှစ်အနည်းငယ်က တရုတ်ပြည်ကထုတ်လုပ်တဲ့ နို့မှုန့်တွေမှာ မယ်လမင်းဆိုတဲ့ ဓာတုပစ္စည်းတွေ ရောစပ်ပါဝင်နေပြီး အဲဒီမယ်လမင်းကြောင့်ပဲ တရုတ်ကလေးငယ်အချို့အနိစ္စရောက်ကြတယ်ဆိုတဲ့သတင်းပဲဖြစ်ပါတယ်။ အဲဒီတော့ လူအချို့ရဲ့စိတ်ထဲမှာ ငါတို့စားတဲ့အစားအစာတွေ အန္တရာယ်ကင်းရဲ့လားဆိုတဲ့ နိုးကြားတဲ့စိတ်ကလေးဖြစ်ပေါ်လာသလို စားသုံးသူကာကွယ်ရေးအသင်းများရဲ့ လှုပ်ရှားမှုတွေကိုလည်း ကမ္ဘာမီဒီယာစာမျက်နှာပေါ်မှာ တွေ့လာရပါတယ်။

ဒီလိုနဲ့နေလာကြရာမှာ MESSENGER ဂျာနယ်အတွဲ(၄)၊ အမှတ် (၂၂) အရ သိရတာကတော့ အမေရိကန်အခြေစိုက် အစားအသောက် အရည်အသွေးနှင့်လုံခြုံရေးဌာနက သတင်းထုတ်ပြန်တာကတော့ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာအရည်အသွေးလုံခြုံမှုဟာ စိုးရိမ်ရတဲ့ (အနီရောင်) အဆင့်မှာ ရောက်နေကြောင်းသိရပါတယ်။ အဲဒါကို အကြောင်းပြုပြီး Messenger ဂျာနယ်ဟာ ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာဒေါ်ဥမ္မာလှိုင်နဲ့ အင်တာဗျူးလုပ်တာကို ဖော်ပြထားပါတယ်။ အဲဒီမှာ "မုန့်ဟင်းခါးတစ်ပွဲထဲကို ယင်ကောင်ကျရင် ဘယ်သူကတာဝန်ယူမလဲ၊ ဘယ်လောက်အထိ တာဝန်ယူမလဲ"ဆိုတဲ့ ဒဿနကို ဖတ်ရှုရပါတယ်။

အဲဒီဒဿနကို ဖတ်ရှုရပြီးနောက်မှာ ကျွန်တော်ဟာ ဆောင်းပါးရေးရန်ခေါင်းစဉ်တစ်ခုကို ရသွားခဲ့ပါတယ်။ ဘယ်လိုလဲဆိုတော့ "တရုတ်ပြည်ကထုတ်လုပ်တဲ့ နို့မှုန့်တွေမှာ မယ်လမင်းခေါ် အန္တရာယ်ရှိ ဓာတ်ပစ္စည်းတွေပါရှိနေတာဟာ ဘယ်သူ့မှာတာဝန်ရှိလဲ" ဆိုတဲ့ခေါင်းစဉ်နဲ့ တင်ပြပြီးတော့ တရုတ်ပြည်သူစားသုံးသူတွေက ဘယ်လိုလုပ်ပြခဲ့သလဲ" ဆိုတာ ဆက်လက်တင်ပြလိုပါတယ်။

ရှေးဦးစွာ နို့မှုန့်ကိစ္စအသာထားပြီး 'တာဝန်' အကြောင်း အနည်းငယ် တင်ပြလိုပါတယ်။ အင်္ဂလိပ်အဘိဓာန်တွေမှာ 'တာဝန်'ဆိုတာ စကားရပ်နဲ့ ပတ်သက်လို့ ၄ မျိုးဖော်ပြထားပါတယ်။ အဲဒါတွေကတော့ (DUTY) (RESPONSILITY) (ACCOUNTABILITY) (OBLIGATION) ရယ်လို့ ဖြစ်ပါတယ်။ အဲဒါတွေတစ်ခုနဲ့တစ်ခု ဘယ်လိုကွာလဲဆိုတော့ အဘိဓာန်မှာ လည်း သိပ်ပြီးကွဲကွဲပြားပြားခွဲပြားမပြထားပါဘူး။

တစ်ခါတုန်းက ကျွန်တော်ဟာ နိုင်ငံ ၁၃ နိုင်ငံမှ ကိုယ်စားလှယ်တွေပါဝင်ဆွေးနွေးတဲ့ အင်တာနေရှင်နယ်ဆီမီနာတစ်ခုကို တက်တုန်းက အဲဒီစကားလုံး ၄ လုံးရဲ့ အဓိပ္ပာယ်ကွဲပြားပုံကို ညီလာခံမှာဆွေးနွေးတော့ အင်ဒိုနီးရှားတို့၊ ထိုင်းတို့က ကိုယ်စားလှယ်တွေက မသိတာထားပါတော့၊ အဲဒီညီလာခံမှာ အင်္ဂလန်နဲ့အိုင်ယာလန်က အင်္ဂလိပ်အစစ်နဲ့ အိုင်းရစ်စစ်စစ် ၂ ယောက်ပါတာ သူတို့ကလည်း သိပ်မသိခဲ့ပါဘူး။ ဒါနဲ့နောက်ပိုင်းမှာ ကျွန်တော် NGO မှာလုပ်တုန်းက အထက်အရာရှိဖြစ်တဲ့ အမေရိကန်နိုင်ငံ

သားကိုမေးတော့ သူက ဖြေတာကတော့ သိပ်ပြီးတော့ ကွဲကွဲပြားပြား အဓိပ္ပာယ်ခြားနားချက်မရှိဘူး။ ဒါပေမဲ့ ဘယ်ဝေါဟာရက ဘယ်နေရာမှာ အသုံးများလဲ ဆိုတာပဲပြောနိုင်ပါတယ်။ သူပြောတာကတော့ (DUTY) ဆိုတာက လခရသူ၊ ရာထူးရှိသူတွေ ထမ်းဆောင်ရတဲ့ တာဝန်အဖြစ် အသုံးများတယ်။ RESPONSIBILTY ဆိုတာကတော့ လခမရတဲ့နိုင်ငံသား ပြည်သူတွေရဲ့ လူမှုရေးတာဝန်အဖြစ် အသုံးများတယ်။ ACCOUNTABILITY ဆိုတာက သတင်းထုတ်ပြန်ရန်တာဝန်အဖြစ် အသုံးများတယ်။ အော့ဘ်လီဂေးရှင်း (OBELIGATION) ဆိုတာက တိုက်ရိုက်သက်ဆိုင်တဲ့တာဝန် ဒီတာဝန်ကို မလုပ်ရင် ထိခိုက်မည့်သူဟာ မိမိပဲဖြစ်နေတဲ့အခါ သုံးတယ်လို့ ဆိုပါတယ်။

အဲဒီတော့ စောစောကပြောတဲ့ တရုတ်နို့မှုန့်ကိစ္စ ပြန်လည်တင်ဆက်ရရင် တရုတ်နို့မှုန့်လုပ်ငန်းရှင်တွေဟာ ပိုက်ဆံရတော့ နို့မှုန့်ထဲ မယ်လမင်းမရောရန် တာဝန်ကို (DUTY) လို့ ခေါ်သင့်ပါတယ်။ နို့မှုန့်အမြတ်တွေယူပြီး မိမိကိုယ်မိမိ သူဌေးဖြစ်အောင်လုပ်သူများတို့သည် ဥပါဒ်မဖြစ်အောင် လုပ်ပေးသင့်တာပေါ့။ ဒါပေမဲ့ သူတို့က အဲဒီလိုမလုပ်တဲ့အတွက် DUTY ဆိုတဲ့တာဝန်ကိုမလုပ်ပါဘူး။ ဒါကြောင့် မယ်လမင်းနို့မှုန့်တွေဟာ ကမ္ဘာပေါ်မှာ သန္ဓေတည်ပေါ်ထွန်းခဲ့တယ်။ ဒီလိုပေါ်ထွန်းခဲ့တဲ့ မယ်လမင်းနို့မှုန့်တွေကို ဖော်ထုတ်ဖမ်းဆီးဖို့ တရုတ်ပြည်ရဲ့အစိုးရဌာနမှာ တာဝန်ရှိပြန်ပါတယ်။ တရုတ်ဌာနဆိုင်ရာဟာလည်း ရာထူးရှိ ဝန်ထမ်းဖြစ်လို့ အဲဒီတာဝန်ကို DUTY လို့ပဲခေါ်နိုင်ပါတယ်။ DUTY ကိုထမ်းမှာပါ။ ဒါပေမဲ့ မယ်လမင်းစားမိတဲ့ တရုတ်ကလေးအချို့ သေတဲ့အထိဖြစ်လို့ မယ်လမင်းအားလုံးကို တရုတ်အရာရှိတွေက မတားနိုင်ဘူးလို့ ဆိုနိုင်ပါတယ်။ ကမ္ဘာရာဇဝတ်မှုအားလုံးကို POLICE ခေါ် ရဲဝန်ထမ်းတွေက ကာကွယ်ရန် မလွယ်ဘူး။ မချမ်းသာတဲ့နိုင်ငံတွေဟာ ဌာနဆိုင်ရာအချို့မှာ ဝန်ထမ်းအင်အား၊ ပစ္စည်းအင်အားနည်းလို့ မနိုင်နင်းဖြစ်တယ်လို့ ဆိုကြပါတယ်။

အဲဒီအခါမှာ အစိုးရကဏ္ဍ (GOVERMENT SECTOR) ကို ကူညီတဲ့ အစိုးရမဟုတ်သောကဏ္ဍ (NON GOVERMENT SECTOR) တစ်နည်းအား ဖြင့် အသင်းအဖွဲ့၊ (NGO) စတာတွေဟာ အစိုးရကိုကူညီပြီး တာဝန်ထမ်းဆောင်ကြပါတယ်။ အဲဒီတာဝန်ကတော့ လူမှုရေးအသင်းတွေ

ဟာ ရာထူးမရှိ၊ လခမယူလို့ သူတို့ရဲ့တာဝန်ကို RESPONSIBILITY လို့ ခေါ်နိုင်ပါ တယ်။ ဥပမာ– တရုတ်စားသုံးသူကာကွယ်ရေးအသင်းရှိရင် သူတို့ရဲ့ တာဝန် မျိုးဖြစ်ပါတယ်။ စားသုံးသူကာကွယ်ရေးအသင်းကလည်း ပညာပေးတာတို့၊ သင်တန်းပေးတာတို့၊ ပညာပေး စာစောင်ဝေငှတာတို့ လုပ်တဲ့တာဝန်ကို ထမ်းဆောင်မှာပါ။ ဒါပေမဲ့ လူမှုရေးအသင်းကတော့ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားအလကားကျောင်းတဲ့ တာဝန် RESONSIBICITY မျိုးသာဖြစ်လို့ လခယူတဲ့လူရဲ့ တာဝန် DUTY လောက်တော့ တာဝန်မလေးပါဘူး။ မထမ်းဆောင်ချင်ရင်လည်း နေသာပေမဲ့ လူမှုရေးစေတနာအရ လုပ်ကြပါတယ်။ သို့သော် မယ်လမင်းနို့မှုန့်စားပြီး တရုတ်ကလေးတွေသေတာ ဖြစ်လို့ မယ်လမင်းဟာ RESPONSIBILIYT ဆိုတဲ့တာဝန်စည်းရိုးကို အောင်မြင်စွာ ဖြတ်ကျော်လာခဲ့နိုင်တယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ အဲဒီအခါမှာ တရုတ်နို့မှုန့်မှာ မယ်လမင်းပါတဲ့သတင်း ကို ကမ္ဘာပေါ်မှာ ဟိုးလေးတကျော်ဖြစ်အောင် သတင်းထုတ်ပြန်ကြသူတွေ ကတော့ မီဒီယာတွေပဲဖြစ်ပါတယ်။ ဒီတော့ သူတို့ဟာ ACCOUNT-ABILITY ဆိုတဲ့တင်ပြရန်တာဝန်ကို ထမ်းဆောင်ကြပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်တဲ့တာဝန်ဟာ သူ့အလုပ်သူလုပ်တာဖြစ်လို့ DUTY ဆိုတဲ့တာဝန် လို့လည်း ဆိုနိုင်ပါတယ်။

ထို့ပြင် တရုတ်အစိုးရက နို့မှုန့်မှာ မယ်လမင်းတွေ့တာကို မီဒီယာကို ပြောပြရမယ့် တာဝန်ရှိတာက ဌာနဆိုင်ရာရဲ့ ACCOUNT ABILITY ပဲဖြစ်ပါ တယ်။

ဒါပေမဲ့ (DUTY) (RESPONSIBILTY) (ACCOUNT-ABILITY) ဆိုတဲ့ တာဝန်တွေဟာ တရုတ်ကလေးငယ်တွေရဲ့ အသက်ကို မကယ်တင်လိုက်နိုင် ပါဘူး။ သေတဲ့ကလေးတချို့ သေကုန်ပြီးတော့ စုံစမ်းတော့ နို့မှုန့်ထဲမှာ မယ်လမင်းရောထားတာ ပေါ်ကုန်တာဖြစ်ပါတယ်။

မယ်လမင်းကာကွယ်ရေးနောက်ဆုံးခံတပ်(သို့မဟုတ်) (OBLIGATION) (သို့မဟုတ်) သက်ဆိုင်သူရဲ့တာဝန်

နို့.မှုန့်.ထဲမယ်လမင်းရောတဲ့အခါမှာ အနိစ္စရောက်မယ့်သူတွေဟာ

ဘယ်သူတွေလဲဆိုရင် တရုတ်နိုင်ငံ့ မှုန့်လုပ်ငန်းရှင် မဟုတ်ပါဘူး။ တရုတ်စားသုံးသူကာကွယ်ရေးအသင်းလည်းမဟုတ်၊ တရုတ်က တာဝန်ရှိဆရာဝန်များလည်းမဟုတ်သလို တရုတ်မီဒီယာအယ်ဒီတာတွေ၊ သတင်းထောက်တွေလည်းမဟုတ်ပါဘူး။ အနိစ္စရောက်မယ့်သူတွေကတော့ ကလေးငယ်တွေပါ။ ဒီတော့ပူဆွေးရမှာက မိဘတွေပါ။ ဒီတော့မိဘတွေက ကလေးငယ်တွေကို ကာကွယ်ဖို့ တာဝန်ရှိတာကတော့ သက်ဆိုင်သူရဲ့တာဝန် (သို့မဟုတ်) OBLIGATION ပဲဖြစ်ပါတယ်။

ဒီတော့ တရုတ်မိဘပြည်သူတွေ၊ တစ်နည်းအားဖြင့် စားသုံးသူတွေရဲ့ တာဝန်ပဲဖြစ်နေပြန်ပါတယ်။ အဲဒီ OBLIGATION ဆိုတဲ့တာဝန် ထမ်းဆောင်ပုံကို ဂျာနယ်တွေမှာ ဖတ်ခဲ့ရပါတယ်။ တရုတ်တွေဟာ သူတို့ပြည်တွင်းက နို့မှုန့်တွေကို မစားရဲကြတော့ပါဘူး။ သူတို့ဟာ ဟောင်ကောင်ကို သွားလည်ကြတဲ့အခါ ဟောင်ကောင်ကနို့မှုန့်တွေကို ဝယ်လာကြပြီး စားသုံးကြပါတယ်။ သူတို့ရဲ့ကလေးနို့မှုန့်ကျွေးချင်ရင် ဟောင်ကောင်နို့မှုန့်ကိုပဲ ကျွေးတော့တာပေါ့။ ဒီတော့ မိမိကိုယ်ကိုမိမိတို့ ကာကွယ်ကြပါတယ်။ ကိုယ့်ကိစ္စကိုယ်လုပ်ရတော့တာပေါ့။

တိရစ္ဆာန်တွေတောင်မှ အန္တရာယ်ရှိတယ်ထင်တဲ့အစားကို မစားပါဘူး။ သူစိမ်းကတိရစ္ဆာန်ကိုအစာကျွေးရင် သူတို့မှာနှာခေါင်းရှိတော့ နှာခေါင်းနဲ့ အစာကိုနမ်းကြည့်တယ်။ အန္တရာယ်ရှိတယ်ထင်ရင် မစားပါဘူး။

တစ်ခါက ကျေးလက်ဒေသတစ်ခုမှာ သောက်ရေအိုင်တစ်ခုက ညစ်ပတ်တော့တိရစ္ဆာန်တွေ၊ ငှက်တွေကမသောက်ကြတော့ဘူးလို့ ဆိုတာဖတ်ဖူးတယ်။ တိရစ္ဆာန်တွေက သူတို့ကိုယ်သူတို့ကာကွယ်တာကို OBLIGATION လို့ခေါ်နိုင်ပါတယ်။

ဒီတော့ စားသုံးသူတွေဟာ မုန့်ဟင်းခါးစားနေတုန်း ပန်းကန်ထဲကို ယင်ကောင်ကျရင် ဆက်မစားတော့ဖို့ တာဝန်ရှိပါတယ်။ တကယ်လို့ ဆက်စားမယ်ဆိုရင်တော့ ဝမ်းလျှောနိုင်ပါတယ်။ မိမိဝမ်းလျှောရင် မိမိဘာသာပဲ ဆေးကုသစရိတ်ကုန်မှာဖြစ်ပါတယ်။ မုန့်ဟင်းခါးသည်ကတော့ ဆေးကုသစရိတ်ပေးလျော်မှာမဟုတ်ပါဘူး။ ဝမ်းလျှောတာ ပြင်းထန်လို့ အနိစ္စရောက်သွားရင်တော့ နှာရေးကူညီမှုအသင်းကတာဝန် ယူကူညီမှာပါ။ ဒါပေမဲ့

အနိစ္စမရောက်မီစပ်ကြားလူ့လောကမှာနေရသရွေ့ကတော့ အသက်ကို မိမိတို့ဉာဏ်နဲ့ စောင့်ရှောက်ရမှာပါ။ အသက်ကိုစောင့်ရန်ဉာဏ်နဲ့တာဝန်ကို အော့(လ်)ဘီဂေးရှင်း (OBLIGATION) လို့ဆိုချင်ပါတယ်။

ဒီနေရာမှာ ကြဲကြိုက်လို့ထပ်မံတင်ပြချင်တာက ယခုတာဝန် ၄ မျိုးဟာ အစားသောက်ကိစ္စတစ်ခုတည်းနဲ့သက်ဆိုင်တာမဟုတ်ပါဘူး။ LADIES ဂျာနယ်၊ ဒီဇင်ဘာ ၈၂၀၁၃နေ့ထုတ်အရ HIV ကူးစက်နှုန်းဟာ ဆယ်စုနှစ် တစ်ခုအတွင်း သုံးပုံတစ်ပုံမြင့်တက်လာတယ်လို့ ဆိုပါတယ်။

ဒီကိစ္စကိုဆွေးနွေးလိုတာက ဒီလိုမဖြစ်အောင် ပညာပေးဖို့က သက်ဆိုင်ရာအစိုးရရဲ့ DUTY ဖြစ်ပြီး အစိုးရကို ကူညီဖို့က NGO တွေရဲ့ RESPONSIBILTY ဖြစ်ပါတယ်။ HIV ကူးစက်နှုန်းကိုတတ်နိုင်သလောက် တိကျစွာသတင်းထုတ်ပြန်ရန်တာဝန်ကတော့ ACCOUNTABILITY ဖြစ်တယ်။ အရေးကြီးဆုံးတစ်ခုကတော့ လူငယ်တစ်ယောက် ပြည့်တန်ဆာခန်းသွားရင် ကွန်ဒုံးသုံးရန်တာဝန်ကတော့ OBLIGATION ဖြစ်ပါတယ်။ ဘယ် ဆရာဝန်ကမှတော့ ပြည့်တန်ဆာခန်းထဲအထိ လိုက်လာပြီး ကွန်ဒုံးဝေမှာ မဟုတ်ပါဘူး။ ကိုယ့်ကိစ္စ၊ ကိုယ့်ဘာသာကိုယ်ကာကွယ်ပါ OBLIGATION တာဝန်ထမ်းကြပါလို့နှီးဆော်ပါရစေလား။

အဲဒီလို ပြည့်တန်ဆာခန်းကိုသွာရင် ကွန်ဒုံးသုံးရမယ်ဆိုတဲ့ အသိဉာဏ်ဟာ အသက်ကယ်တဲ့ ဉာဏ်ပဲဖြစ်ပါကြောင်း။

mgyoe.com
လောကကြီးကို ဉာဏ်ပညာဖြင့် စိမ်ခန့်ခွဲခြင်းဗျူဟာများ ၁၇

အခန်း (၂)
ဉာဏ်ပညာဖြင့် ခွဲခြမ်းစိတ်ဖြာခြင်း
(Anyalysis By Wisdom)

mgyoe.com

ခွဲခြားဆက်ဆံဖို့မလိုသော်လည်း ခွဲခြမ်းစိတ်ဖြာ (ANALYSIS) ဖို့တော့လို၏

ယခုအခါ မြန်မာနိုင်ငံတွင် INGO တွေတော်တော်များနေရာ G20 နိုင်ငံတို့က ပုဂ္ဂိုလ်တွေအပါအဝင် ကမ္ဘာ့ဒေသအသီးသီးကပညာရှင်များသည် မြန်မာနိုင်ငံတွင် အကြံပေး (ADVISOR)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေပါ၏။ သူတို့က စေတနာမဆိုးပါ။ ဒဿနတော်တော်များများကို ဒေသခံတို့ကို သင်ကြားပြသပေးပါသည်။ သို့သော် တစ်ခါတစ်ရံ MISUNDERSTANDING (နားလည်မှုလွဲခြင်း)၊ MISINTERPRETATION(တလွဲအဓိပ္ပာယ်ကောက်ခြင်း)ဆိုသည်မှာ ဖြစ်တတ်ပါ၏။ သို့ပါ၍ ၎င်းတို့၏ ဒဿနများစွာထဲက တစ်ခုကို အဓိပ္ပာယ်ဖော်ပြတင်ဆက်လိုပါ၏။ အဲဒါ ကတော့ NON DISCRIMATION POLICY ခွဲခြားဆက်ဆံမှုမပြုရေး ပေါ်လစီတစ်ခုဖြစ်၏။ တကယ်တော့ လူလူချင်းခွဲခြားဆက်ဆံတယ်ဆိုတာ ကောင်းသည့်အရာမဟုတ်ပါ။ ဥပမာ အမေရိကန်တွေ ရှေးအခါက လူဖြူ လူမည်း ခွဲခြားဆက်ဆံခဲ့ပါ၏။ တောင်အာဖရိကနိုင်ငံတွင် တစ်ချိန်ကအသားအရောင်ခွဲခြားမှုကိုပြုသောအခါ လူမည်းခေါင်းဆောင်ကြီး နယ်လ်

ဆင်မင်ဒဲလားက ခွဲခြားဆက်ဆံမှုကို တိုက်ပွဲဝင်ခဲ့၏။ နောင်အခါ ခွဲခြားဆက်ဆံမှုမပြုသောအခါ ဖွံ့ဖြိုးတစ်ခု DEVELOPMENT ဖြစ်ပါ၏။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဆိုရင် ခွဲခြားဆက်ဆံခြင်း DISCRIMINATION ဆိုတာက တော်တော်ရှက်စရာကောင်းတဲ့ကိစ္စပါ။ လွန်ခဲ့သောလအနည်းငယ်က ကျွန်တော်သည် ဂျာနယ်တစ်စောင်၌ သတင်းတစ်ပုဒ်ကိုဖတ်ခဲ့ရသည်မှာ အမေရိကန်၌ ကုမ္ပဏီတစ်ခုတွင် အမျိုးသမီးဝန်ထမ်းတစ်ဦးသည် ရင်သားအလွန်ကြီးထွားနေသည်ဟုဆို၏။ ထိုအခါ ကုမ္ပဏီမန်နေဂျာမှာ အစည်းအဝေးလုပ်သောအခါ အမျိုးသားမန်နေဂျာများက ၎င်းအမျိုးသမီးကို စိုက်ကြည့်ပြီး အာရုံရောက်နေ၍ အလုပ်ထဲအာရုံမရောက်သောကြောင့် သူမကြောင့် အလုပ်မတွင်ကျယ်ဟုဆိုကာ သူမကိုအလုပ်ထုတ်၏။ ထိုအခါ သူမက မိမိကိုဝိုင်းပယ်ခြင်း DISCRIMINATION လုပ်ပါသည်ဆိုကာ ကုမ္ပဏီကို တရားစွဲရာ ကျော်ကြားသောသတင်းဖြစ်ရာ သူတို့ဆီမှာ အပယ်ခံရသူများဘက်က အလေးအနက်ထားရပ်တည်မှု၏ သာဓကတစ်ခုဖြစ်ပါသည်။ ဒီလိုနဲ့ G20 အနောက်နိုင်ငံသားတွေ ဖွံ့ဖြိုးဆဲနိုင်ငံများကို အကြံပေးအရာရှိလာလုပ်တော့ သူတို့က ဒီဒဿနကို သွတ်သွင်းပါ၏။

ဥပမာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်သောအခါ ရွာလုံးကျွတ်အစည်းအဝေးတွင် မုဆိုးမအိမ်၊ အဆင်းရဲဆုံးအိမ် (GRASS ROOT) ခေါ် အောက်ဆုံးလွှာတို့ကို ဂရုစိုက်ဖိတ်ကြား၏။ တစ်ဖန် HIV ကာကွယ်ရေး စီမံကိန်းများတွင် HIV ဝေဒနာသည်များကို ဝိုင်းမပယ်ရေး အယူအဆ NON-DISCRIMINATION CONCEPT ကို သွတ်သွင်းပါ၏။ တစ်ဖန်မိန်းမလျာ (အခြောက်)၊ ပြည့်တန်ဆာတို့ကိုလည်း လူလူချင်းနှိမ့်ချဆက်ဆံခြင်း မပြုသင့်ကြောင်း ဒဿနများကို သွတ်သွင်းပေးပါ၏။ ဒီဒဿနာများသည် စာနာစိတ်ပေါ်မူတည်၍ ဖြစ်လာသောကြောင့် ကောင်းပါ၏။ သို့သော် ခွဲခြမ်းစိတ်ဖြာခြင်း ANAYSIS လုပ်ဖို့တော့လိုပါ၏။ ဥပမာ မိန်းမလျာ (အခြောက်)တွေကို ဉာဏ်ပညာဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာသောအခါ ယေဘုယျအားဖြင့် ၂ မျိုးတွေ့ရ၏။

ပထမအမျိုးအစား

ဤအမျိုးအစားသည် စိတ်ကောင်းရှိသူများဖြစ်၏။ မိမိ၌ HIV စွဲကပ်နေသော်လည်း မိမိကဲ့သို့အခြားလူတွေကိုမဖြစ်စေချင်ပါ။ HIV ကာကွယ်ရေးစီမံကိန်းက ဝန်ထမ်းတွေနဲ့ပူးပေါင်း၏။ အခြောက်အချင်းချင်း HIV ပညာပေး၏။ ကွန်ဒုံးဝေ၏။ ကောင်းသောအမှုကို လုပ်၏။

ဒုတိယအမျိုးအစား

ဒုတိယအမျိုးအစားကတော့ စိတ်ကောင်းမရှိ။ မိမိ၌ HIV စွဲကပ်သွားရာ သူများတွေကိုလည်း စွဲကပ်စေချင်ပါ၏။ ကျွန်တော်သည် HIV စီမံကိန်း၌လုပ်ဖူးရာ အခြောက်လေးဦးသည် HIV စွဲကပ်နေပြီး သူတို့ ၄ ယောက်က မိမိတို့ကိုယ်ကို ကလဲ့စားအဖွဲ့ဟု ကင်ပွန်းတပ်ထားသည်ကို တွေ့ဖူး၏။ ပြီးလျှင် ပုရိသယောကျ်ားတို့နှင့်အကာ အကွယ်မဲ့လိင်ဆက်ဆံရန် သူတို့က ကြိုးပမ်း၏။ ၎င်းတို့အဖွဲ့က တစ်ယောက်ယောက်သည် ပုရိသတစ်ယောက်ယောက်နဲ့ အကာအကွယ်မဲ့ လိင်ဆက်ဆံခွင့်ရပါသော် ၎င်းတို့ ၄ ဦးတွေ့ဆုံပွဲ၌ "ငါတော့ ဒီနေ့ ယောကျ်ားတစ်ယောက်ကို သတ်ခွင့်ရခဲ့ပြန်ပြီ" ဟုပြောလျှင် ကျန်သုံးယောက်က ကွန်ကရက်ကျူလေးရှင်းလုပ်ကြ၏။

ထိုကဲ့သို့သော အခြောက်မျိုးကိုတော့ သတိထားကြပါဟု လက်လှမ်းမီသလောက်အသိပေးခဲ့ရပါ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် မိမိ၏သားတော်အရင်း ရာဟုလာမင်းသား အပေါ်၌ထားသော မဟာကရုဏာတရားသည် မိမိနှင့်သွေးသား မတော်စပ်သော ၃၁ ဘုံရှိ ဝေနယျနသတ္တဝါအပေါင်းတို့၌ထားသော ကရုဏာနှင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် ခွဲခြား၍ ကရုဏာမထားတာက NON-DISCRIMINATION ဖြစ်ပါ၏။ သို့သော် မြတ်စွာဘုရားက ၃၈ ဖြာ မဂ်လာ၌ –

"လူမိုက်တို့ကိုရှောင်ကြဉ်ရာ၏"

"ပညာရှိသူတော်ကောင်းတို့ကို ဆည်းကပ်ပေါင်းသင်းရာ၏" ဟုပြောပြန်ရာ ဘယ်သူကလူမိုက်လဲ၊ ဘယ်သူက လူကောင်းလဲဟု ခွဲခြားစိတ်ဖြာ

စေရာ ANALYSIS ဖြစ်၏။ တကယ်တော့ NON- DISCRIMINATION ဆိုတာ ဘုရားကဟောပြောခဲ့ပြီးဖြစ်၏။ မြတ်စွာဘုရားလက်ထက်တော်က ဝေနေယျသတ္တဝါတို့အား တရားဟောရာ တချို့က ချက်ချင်းရဟန္တာဖြစ်ကုန်ကြပါ၏။ တချို့ကသကဒါဂါမ်၊ အနာဂါမ်လောက်သာဖြစ်၏။ တချို့ သောတာပန်အဆင့်လောက်ပဲဖြစ်၏။ တချို့ကတော့ ဒုံရင်းက ဒုံရင်းပဲ ပုထုဇဉ်ဘဝနဲ့ကျန်ခဲ့၏။ ထိုအခါ အချို့ကမေးကြသည်မှာ မြတ်စွာဘုရား မျက်နှာလိုက်၍ တရားဟောလို့လား၊ ရဟန္တာဖြစ်ကုန်တဲ့သူတွေကို တရားပိုဟောလို့ ရဟန္တာဖြစ်ကုန်ကြလေသလားဟု အမေးရှိပါ၏။ ထိုအခါ မြတ်စွာဘုရားက ဥပမာပေးသည်မှာ မြေသြဇာအရည်အသွေးမတူညီသော မြေအမျိုးမျိုးတို့အပေါ်တွင် အရည်အသွေးတူညီသော အပင်မျိုးစေ့များကို ချသောအခါ မြေသြဇာကောင်းသောမြေတို့၌ချသော မျိုးစေ့တို့သည် ကောင်းစွာ အပင်ပေါက်၏။ သန်မာ၏။ မျိုးစေ့အရည်အသွေးကောင်းသော်လည်း မြေ၏အရည်အသွေးမကောင်းသောအခါ ပေါက်သောအပင်များ ညံ့၏။ သို့ပါ၍ မြတ်စွာဘုရားက တူညီသောမျိုးစေ့များကို တူညီသော စေတနာဖြင့်ချပေးသည်မှာ NON-DISCRIMINATION ဖြစ်၏။ မြေကြီး အရည်အသွေးချင်း မတူကြတာကို ခွဲခြမ်းစိတ်ဖြာတာကို ANALYSIS ဟု ခေါ်ပါ၏။

ဆရာဝန်တို့သည် လူနာတို့အား ဆင်းရဲချမ်းသာမရွေး၊ အယုတ်အလတ်အမြတ်မရွေးဘဲ တူညီသောစေတနာဖြင့်ဆေးကုပေးရသည်ကတော့ ဆရာဝန်ကျင့်ဝတ်၌ပါသော NON-DISCRIMINATION CONCETP ဖြစ်၏။ သို့သော် ကြက်ငှက်တုပ်ကွေး လူနာများကိုတော့ သီးခြားအခန်း၌ ခွဲထားရ တာကို ပြည်သူ့ကျန်းမာရေးဘာသာရပ်၌ အိုင်ဆိုလေးရှင်း ISOLATION ဟုခေါ်ပါသည်။

ကျယ်ကျယ်ပြန့်ပြန့်တွေးဆစေချင်ပါ၏

နိုင်ငံတကာစီမံကိန်းများတွင် G20 နိုင်ငံသားနိုင်ငံခြားသားများသည် ဒေသခံဝန်ထမ်းများကို NON DISCRIMNATION CONCEPT ကို သင်ပေးသောအခါ ဒေသခံဝန်ထမ်းအချို့ (အားလုံးကိုမဆိုလိုပါ)တို့က

လေနံ ဓားထစ်မှတ်လိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထပ်မစဉ်းစားဘဲ အခြောက်တွေနဲ့ အတူ လက်ဖက်ရည်ဆိုင်ထိုင်ပြတာတို့၊ ပြည့်တန်ဆာတို့ကို လေးလေးစားစား ဆက်ဆံတာလောက်ပဲလုပ်ပြပြီး ပြီးသွားပါ၏။ တစ်ထွာပြရင် တစ်ထွာပဲမြင်လိုက်ကြ၏။ တကယ်တော့ သူတို့က တစ်ထွာပြရင် မိမိတို့က တစ်တောင် မြင်ရပါမယ်။ သူတို့ပြောတဲ့စကားကို ထပ်ခါထပ်ခါစဉ်းစားကြည့်ဖို့လို၏။

လူထုကို ခွဲခြမ်းစိတ်ဖြာသင့်ပါ၏

ဆိုရိုးစကားတွေရှိသည်ကတော့ "လူ့အကြောင်းပေါင်း ကြည့်မှသိ" "လူယုတ်မာဆိုတာ ချိုပေါက်မနေဘူး" စသော ဆိုရိုးစကားတို့သည် လူယုတ်လား၊ လူကောင်းလား ရုတ်တရက်ခွဲရန်မလွယ်။ သို့သော် အတော်ကြာ ပေါင်းကြည့်ပါက လူယုတ်လား လူကောင်းလား ခွဲခြားနိုင်၏ဟု ဆိုရာ ခွဲခြမ်းစိတ်ဖြာသင့်ပါ၏။

မခွဲခြားသင့်သောကိစ္စများ

ဆင်းရဲချမ်းသာ ခွဲခြားတာ၊ အသားအရောင်ခွဲခြားတာ၊ လူမျိုးဘာသာခွဲခြားတာ၊ ကျားမခွဲခြားတာ စတာတွေသည်မကောင်းပါ။ ဒုက္ခိတကို ခွဲခြားဆက်ဆံတာမကောင်းပါ။

ခွဲခြားဆက်ဆံသင့်သောကိစ္စများ

လူကုန်ကူးတဲ့သူဆိုရင်တော့ ခွဲခြားဆက်ဆံသင့်၏။ အကျင့်ပျက်ခြစားတဲ့သူဆိုရင်တော့ ခွဲခြားသင့်ပါ၏။ ဒီလိုလုပ်တတ်ဖို့ဆိုတာ ဉာဏ်ဖြင့်တွေးတောခြင်း THINKING လုပ်နိုင်ရပါမည်။ THINKING မလုပ်နိုင်တဲ့အခါ တလွဲတွေဖြစ်တတ်၏။ တချို့က အကျင့်ပျက်ခြစားလို့ ချမ်းသာလာသောအခါ မျက်နှာကြီးဖြစ်လာတာကို တချို့က မခွဲခြားတတ်ပါ။ ထိုအခါ အကျင့်ပျက်ခြစားသူတို့ကို အချို့က 'အစ်ကို' 'အစ်ကို'ဟု မျက်နှာချို သွေးတတ်ပြီး 'မမ' 'မမ'ဟုသွား၍ 'မ' တတ်၏။ သီလသမာဓိ စောင့်ထိန်း၍ ဥစ္စာဓနချို့တဲ့သူတို့ကို သူတို့၏ သီလကိုမြင်အောင် မကြည့်တတ်

၍ အလကားလူမွဲပါဟု "ကျဉ်' တတ်၏။ အမှန်မှာ ဘုရားဟောက ...

အသေဝနစဟာလနံ

ပဏ္ဍိတာနဉ္စသေဝနာ

လူမိုက်ကိုရှောင်ကြဉ်၍ ပညာရှိသူတော်ကောင်းကို ဆည်းကပ်ပါ ဆိုသော်လည်း မိမိတို့က ခွဲခြမ်းစိတ်ဖြာခြင်း ANALYSIS မပြုတတ်ပါ လျှင်၊ TINKING မစဉ်းစားလျှင်၊ WISDOM ခေါ်ဉာဏ်မရှိလျှင် ဘုရား ဟောနဲ့ ပြောင်းပြန်ဖြစ်ပြီး

အသေဝနာစ ပဏ္ဍိတာ

ဗာလာနံ သေဝနာ

သူတော်ကောင်းကိုကျဉ်၍ သူယုတ်မာကိုဆည်းကပ်သလို ဖြစ်သွား သောအခါ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်တတ်သည်ဟု ဆိုချင်ပါ ကြောင်း။ ။

* * *

ဖွံ့ဖြိုးသော နိုင်ငံသားတို့၏ စရိုက်လက္ခဏာတစ်ခု၊ သို့မဟုတ် ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာမှု (Analysis) လုပ်တတ်ခြင်း

ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးနောက်ကျခဲ့ပါ၏။ သာမန်မျက်စိနှင့် ကြည့်ပါသော် တိုင်းပြည်ဝင်ငွေ၊ ပညာရေးအဆင့်အတန်း၊ ကျန်းမာရေး အဆင့်အတန်းတွေ နောက်ကျခဲ့သည်ဟု မြင်နိုင်ပါ၏။ သို့သော် အများသူငါ သတိမထားမိမမြင်လေ့ရှိသော အချက်ပေါင်းများစွာရှိသည့်အနက် တစ်ချက်မှာ ကျွန်တော်တို့သည် Practice of Analysis ခွဲခြမ်းစိတ်ဖြာသော အလေ့အကျင့်နည်းခဲ့ပါ၏။ Analysis ၏ အဓိပ္ပာယ်မှာ . . .

- တစ်စုံတစ်ခုကို ခွဲခြမ်းစိတ်ဖြာခြင်း
- သေချာစွာလေ့လာကြည့်တတ်ခြင်း
- အစိတ်အပိုင်းတစ်ခုစီကို သေချာစွာကြည့်တတ်ခြင်း
- အရေးပါသောကိစ္စကို အာရုံစိုက်၍ အရေးမပါတာတွေ ဖယ်ထုတ်နိုင်ခြင်း
- စဉ်းစားဉာဏ် WISDOM ဖြင့် သုံးသပ်ဆင်ခြင်နိုင်ခြင်းတို့ ဖြစ် ပါ၏။

ဖွံ့ဖြိုးပြီး နိုင်ငံသားအမေရိကန်တို့ Analysis လုပ်ပုံ

အမေရိကန်တွင် ကလေးဘဝတည်းက Analysis လုပ်ပုံကို သင်ပေးပါ၏။ လွန်ခဲ့သော ၁၁ နှစ်က အိုစမာဘင်လာဒင်သည် အမေရိကန်နိုင်ငံက အမြောညီနောင်မျှော်စင်ကို လေယာဉ် ၂ စင်းဖြင့် ဝင်ရောက်တိုက်ဖျက်ဆီးခဲ့ရာ အမေရိကန်တို့သည် ယင်းကိစ္စနောက်ပိုင်း လုံခြုံရေး အထူးသတိရှိကုန်ကြ၏။ ပြုလုပ်သူ အိုစမာဘင်လာဒင်ကို အထူးသတိထားကြ၏။ အိုစမာဘင်လာဒင်သည် မုတ်ဆိတ်မွေးနှင့်ဖြစ်၏။ အမေရိကန်လေဆိပ်လုံခြုံရေးလူငယ်တို့သည် မုတ်ဆိတ်နှင့်ခရီးသည်တို့ကို အထူးသတိထားရှာဖွေခြင်း၊ လုံခြုံရေးအကြီးအကဲတွေက လူငယ်တွေကို သင်ပေးသည်မှာ . . .

"အိုစမာဘင်လာဒင်ကို Analysis လုပ်ရင် မုတ်ဆိတ်မွေးကို အာရုံမစိုက်နဲ့။ သူ့စိတ်ထဲ အမေရိကန်မုန်းတီးစိတ်ကို မြင်အောင်ကြည့်။ မုတ်ဆိတ်နဲ့လူတွေထဲက အမေရိကန်ရဲ့မိတ်ဆွေတွေလည်း အများကြီးရှိတယ်။ မုတ်ဆိတ်မပါရင်လည်း အမေရိကန်ကိုမုန်းနိုင်တာပဲ။ မုတ်ဆိတ်နဲ့ အမေရိကန်မုန်းတီးစိတ်ကို ခွဲခြမ်းစိတ်ဖြာခြင်း Analsyis လုပ်နိုင်ရမယ်" ဟု သင်ပေး၏။ အမေရိကန်သမ္မတကြီး ဂျော့ဘုရှ်ကလည်း ဒီလို ခွဲခြမ်းစိတ်ဖြာပြပါတယ်။

"ကျွန်တော်တို့ အမေရိကန်နိုင်ငံကို လာလည်ကြမယ်ဆိုရင် ဘယ်သူပဲလာလာ၊ ဘယ်နိုင်ငံကပဲလာလာ၊ မုတ်ဆိတ်နဲ့လာလာ၊ မုတ်ဆိတ်မပါဘဲလာချင်လာ ခင်မင်လို့လာလည်တာမျိုး၊ ပညာသင်ချင်လို့လာတာမျိုးကို ကြိုဆိုတယ်။ အန္တရာယ်ပြုရအောင် လာတာဆိုရင်တော့ ဘယ်သူ့ကိုမဆို ပြင်းပြင်းထန်ထန် အရေးယူခြင်းခံရမယ်" ဟု ပြောပြခဲ့ပါ၏။

ထို့ကြောင့် မုတ်ဆိတ်သည် အမေရိကန်၏ ရန်သူမဟုတ်။ အမေရိကန်မုန်းတီးစိတ်သည်သာ အမေရိကန်၏ ရန်သူဟုဆိုပါ၏။

စာရေးဆရာကြီးသော်တာဆွေ Analysis လုပ်ခဲ့ပုံ

၁၉၈၆ ခုနှစ်လောက်က ကျွန်တော်သည် လုံမလေးအမည်ရှိ မဂ္ဂဇင်းတစ်စောင်ကို ဖတ်ကြည့်ရာ မှတ်မှတ်ရရဆောင်းပါးတစ်ပုဒ်မှာ စာရေးဆရာကြီး သော်တာဆွေရေးခဲ့သော 'လုံမလေးတို့သိဖို့ရာ' အမည်ရှိ ဆောင်းပါး

ဖြစ်၏။ ဆောင်းပါးပါ အကြောင်းအရာကတော့ ဒီလိုပါ တစ်နေ့သောအခါ ဝယ် စာရေးဆရာကြီးသော်တာဆွေ၏အိမ်သို့ သူနှင့် အလွန်အလွန်ရင်းနှီးသော မိတ်ဆွေလင်မယားလာလည်ရာ သူတို့၏ အသက် ၂၀ ခန့်အရွယ် အလွန်အလွန်ချောသော သမီးပျိုလေးပါလာ၏။ လာရင်းကိစ္စကတော့ သူတို့၏သမီးလေးကို ရုပ်ရှင်မင်းသမီးဖြစ်စေချင်ပါသောကြောင့် ရုပ်ရှင်ဒါရိုက်တာ ကုမ္ပဏီပိုင်ရှင်တစ်ဦးဦးထံ အပ်နှံပေးပါမည့်အကြောင်း ဆရာကြီးသော်တာဆွေကို အကူအညီလာတောင်းတာပါ။ ထိုအခါ စာရေးဆရာကြီးသော်တာဆွေက ဒီလိုပြောပါတယ်။

"ခင်ဗျားတို့ကတော့ လူရင်းတွေဆိုတော့ ကူညီရမှာပေါ့ဗျာ။ ကျုပ်နဲ့ သိပ်ခင်တဲ့ ဒါရိုက်တာသာဓုခမျာ သေရှာပါပြီ။ ဒါပေမဲ့ သူ့ရဲ့သားတွေ သုမောင်တို့ ညီအစ်ကိုတွေကျန်သေးတယ်။ ကျွန်တော်လိုက် အပ်ပေးပါမယ် ဆိုကာ သုမောင်တို့ထံ သွားသည်ဆိုပါ၏။ သုမောင်က ဝမ်းသာအားရ ခရီးဦးကြိုပြု၍ ဒီလိုပြောရှာတယ်။ "ဦးလေးသော်တာဆွေ ကိုယ်တိုင်လာအပ်တာဆိုတော့ ဒီကလေးမလေးကို စင်တင်နိုင်ဖို့ သူ့ကို ကျွန်တော်တို့ သေချာလေ့လာပါ့မယ်"ဟုဆိုပါ၏။

ထိုအခါ သော်တာဆွေသည်လည်း သတိတရနဲ့ ကိုယ့်မင်းသမီးလောင်းလျာကို ကိုယ်သေချာပြန်ကြည့်မိ၏။ "ဟိုက်" ဤအသံကတော့ စာရေးဆရာကြီးသော်တာဆွေ ရုတ်တရက်လန့်သွားသံပါ။ ကလေးမလေးက အံ့ဩစွာဖြင့် "ဘဘသော်တာဆွေ၊ ဘာဖြစ်လို့ပါလဲရှင့်"

"ဟဲ့သမီး ... သမီးက မျက်ခုံးမွေးမပါဘူးလား။ ဘယ်လိုဖြစ်တာလဲ"

ထိုအခါမှ ကလေးမလေးသည် ခိုးခိုးခစ်ခစ်ရယ်လျက်

"ပါပါတယ်ဘဘရဲ့၊ သမီးက မျက်ခုံးမွေးတွေရိတ်ထားတာပါ"

"ဘာဖြစ်လို့ရိတ်ရတာလဲ"

"လှအောင်လို့ပါ ဘဘ"

"ဟေ... မြတ်စွာဘုရား"ဟု သော်တာဆွေ လန့်မိ၏။ ဆရာကြီးသော်တာဆွေသည် အိမ်အပြန်လမ်းဝယ် မရှင်လန်းဘဲပြန်ခဲ့၏။ ကလေးမလေးကို သူ ဘယ်လိုထုတ်ဖော်ဆုံးမရမှန်း မသိခဲ့လို့ပါ။ ဒီလိုပါ။ လှအောင်လို့ မျက်ခုံးမွေးရိတ်တယ်ဆိုတာ ယောကျ်ားလေးတွေ ကြည့်ဖို့ပါ။

ယောကျ်ားလေးတွေက မိန်းကလေးတွေကိုကြည့်ပြီး ကြိုက်တဲ့အခါ မျက်ခုံးမွေးရှိ မရှိကိုကြည့်တာမဟုတ်။ ဘယ်နေရာကိုကြည့်ပြီး ကြိုက်တာလဲဆိုတာ သူ့လိုအရွယ်ကြီး စာရေးဆရာ ဘဘကြီးတစ်ယောက်အနေနဲ့ ဘယ်လိုရေးပြ ရမှာလဲ စာရှုသူဟု မေးခွန်းထုတ်ရင်း ဆောင်းပါးကို အဆုံးသတ်ခဲ့ပါ၏။

တကယ်တော့ ယောကျ်ားလေးတွေက မိန်းကလေးတစ်ယောက်ကို ကြည့်ရင် ကောင်းခြင်းငါးဖြာကိုကြည့်ပါတယ်။ မျက်ခုံးမွေးရှိခြင်းမရှိခြင်းသည် ကောင်းခြင်းငါးဖြာနဲ့မဆိုင်ပါခင်ဗျာ။ သို့ပါ၍ မိန်းကလေးအချို့သည် မိမိခန္ဓာကိုယ်ကို Analysis မလုပ်တတ်ပါဟု ဆိုရမည်။ တကယ်ဆိုရင် ခန္ဓာကိုယ်အချိုးအစားပြေပြစ်အောင်၊ အသားအရေလှအောင် လေ့ကျင့်ခန်းလုပ်တာတို့ ဗီတာမင်စားတာတို့ လုပ်သင့်ပါတယ်။

တရုတ်ခေါင်းဆောင်ကြီး တင့်ရှောက်ဖိန်၏ ဉာဏ်ပညာဖြင့် Analysis လုပ်ပုံ

တရုတ်ပြည်ခေါင်းဆောင်ကြီး တင့်ရှောက်ဖိန်သည် မော်စီတုန်း၏ နိုင်ငံရေးအမွေကိုဆက်ခံခဲ့ရပါ၏။ မော်စီတုန်း၏ ကွန်မြူနစ်စီးပွားရေးလမ်းစဉ် ပန်းတိုင်မှာ တရုတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးခြင်းဖြစ်၏။ သို့သော် ကွန်မြူနစ်စီးပွားရေးလမ်းစဉ်ဖြင့် ချီတက်ရာတွင် နိုင်ငံသည် ဖွံ့ဖြိုးမှု နှေးကွေးသည်။ တင့်ရှောက်ဖိန်လက်ထက်၌ တင့်ရှောက်ဖိန်သည် ပန်းတိုင်နှင့် ကွန်မြူနစ်စီးပွားရေးလမ်းစဉ်ကို ခွဲခြမ်းစိတ်ဖြာ၍ ခွဲခြားမြင်၏။ ဘယ်လမ်းနဲ့သွားသွား ပန်းတိုင်ရောက်ဖို့အရေးကြီးပါ၏။ တင့်ရှောက်ဖိန်က ဈေးကွက်စီးပွားရေးလမ်းစဉ်ကိုပြောင်း၏။ လမ်းစဉ် ပြောင်းသော်လည်း ပန်းတိုင်သည် မပြောင်း။ တင့်ရှောက်ဖိန်က ပြောတာကတော့ ကြောင်ဆိုတာ အထီးဖြစ်ဖြစ် အမဖြစ်ဖြစ် ကြွက်ခုတ်ဖို့ပဲ အရေးကြီးတယ်ဟုဆို၏။ ထို့ကြောင့် ကြောင်၏ Gender (ကျား/မ)ဆိုတာ ကြွက်ခုတ်စွမ်းရည်နှင့် ခွဲခြားမြင်၏။

တင့်ရှောက်ဖိန်၏ ခွဲခြားစိတ်ဖြာမှုစွမ်းရည်ကြောင့် တရုတ်ပြည် ဈေးကွက်စီးပွားရေးစနစ်အောင်မြင်ပြီး တိုးတက်ခဲ့ပါ၏။

အယ်ဒီတာချုပ်တစ်ယောက်ကို ဘယ်လို Analysis လုပ်မလဲ

ကျွန်တော်သည် နံနက်တိုင်း စောစောထ၍ လက်ဖက်ရည်ဆိုင်တစ်ခုဘေးက လမ်းဘေးဂျာနယ်တစ်ဆိုင်တစ်ခုတွင် ဂျာနယ်ဖတ်ရင်း အခြားဂျာနယ်ဖတ်သူ၊ ဂျာနယ်ရောင်းသူတို့နှင့် ဝေဖန်ရေး၊ လေကန်ရေးလုပ်လေ့ရှိ၏။ လွန်ခဲ့သော ၁ နှစ်လောက်က ဂျာနယ်တစ်စောင်ကို ကောက်ကိုင်လိုက်ပါ၏။ ထိုအခါ ဂျာနယ်ဖတ်သူတစ်ယောက်က ဒီလိုဝေဖန်ပါသည်။

"အဲဒီဂျာနယ်ရဲ့ အယ်ဒီတာချုပ်က× × × × ရဲ့သားသမီးဆို ပါလား" ဟုဆိုရာ နောက်တစ်ဦးက...

"ဟာ ဒါဆိုရင် မာနကြီးပြီပေါ့ဗျာ" ဟုဆိုလာပါ၏။ ကျွန်တော်က တော့ ဂျာနယ်၏အပြင်အဆင်၊ တည်းဖြတ်ပုံ၊ ရပ်တည်ချက်တွေကို လေ့လာ၏။ ပြီးတော့ ဒီလိုပြောပြခဲ့ပါတယ်။

"ခင်ဗျားတို့ အယ်ဒီတာချုပ်တစ်ယောက်ကို ခွဲခြမ်းစိတ်ဖြာရာမှာ ဘယ်သူ့ရဲ့သမီးလဲ၊ ဘယ်သူ့ရဲ့ကိုကိုလဲ၊ ဘယ်သူ့ရဲ့မမလဲဆိုပြီး ရိုးရိုးမျက်စိနဲ့ကြည့်နေလို့တော့ အကျိုးမရှိဘူးဗျာ"

"ဒါဆိုရင် ဘယ်လိုလေ့လာရမှာလဲ"

"အယ်ဒီတာချုပ်ရဲ့စေတနာ၊ ရပ်တည်ချက်၊ ယုံကြည်ချက်၊ ကျွမ်းကျင်မှု၊ သတ္တိ စတာတွေကို ကြည့်ရမှာပေါ့"

"ဘယ်လိုကြည့်ရမှာလဲဗျာ"

"နောက်ထွက်မယ့် ဂျာနယ်တွေ ဆက်ဖတ်ကြည့်ပါ။ အချိန်တန်လာရင် စိတ်သဏ္ဌာန် (Atitude) ပေါ်လာမှာပါ"ဟု ပြောခဲ့ပါ၏။

အဲဒါကတော့ ကိုယ်ရေးကိုယ်တာ အချက်အလက်များ Personal Data နဲ့ စတုတ္ထမဏ္ဍိုင်အတွက် အရေးကြီးတဲ့အချက်များကို ခွဲခြမ်းစိတ်ဖြာခြင်း Analysis လုပ်လိုက်တာပါ။

Personal Data ဆိုတာက ဘယ်သူ့သမီး၊ ဘယ်သူ့ကိုကို၊ ဘယ်သူ့မမ၊ အသက်ဘယ်လောက်ဆိုတာတွေပါ။ Important Data ဆိုတာတွေက စိတ်သဏ္ဌာန်၊ ယုံကြည်ချက်၊ ရပ်တည်မှု၊ ပြည်သူ့အပေါ် သစ္စာရှိမှုသတ္တိ စတာတွေပါ။

ယခုဆိုလျှင် ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျနေပါ၏။

ကျွန်တော်တို့သည် ဟိုလူ့ကို အပြစ်တင်ရမလိုလို ဒီလူ့ကို အပြစ်တင်ရမလိုလို ဖြစ်နေ၏။ တကယ်တော့ ဖွံ့ဖြိုးမှုနောက်ကျရတဲ့ အကြောင်းအရင်းများစွာထဲမှာ ကျွန်တော်တို့တွေ Analysis အလေ့အကျင့်နည်းတာဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။ တင့်ရှောက်ဖိန် ဆိုရင် Analysis လုပ်တာတော်လို့ တရုတ်ပြည်ကြီးပွားသွားတယ်။ သို့ပါ၍ Analysis အကြောင်းကို ကျွန်တော်သည် ဆောင်းပါးရေး၍ ရှင်းပြမိ၏။

Analysis ကိစ္စဟာ Development အတွက် အလွန်အရေးကြီးပါကြောင်း။

အခန်း (၃)
ဉာဏ်မျက်စိ
(Wisdom Eye)

ဉာဏ်မျက်စိဖြင့် ကြည့်မှမြင်နိုင်သော တက္ကသိုလ်ကျောင်းတော်ကြီး

ဤဆောင်းပါးဖြစ်ပေါ်လာပုံကတော့ ၂၀၁၃ ဖေဖော်ဝါရီလအတွင်းက ကျွန်တော်ဟာ မြန်မာနိုင်ငံရဲ့တောင်တန်းဒေသတစ်ခုမှာ ရောက်ရှိပါတယ်။ NGO တစ်ခုက ကျွန်တော့်ကို TRAINING CONSULTANT အဖြစ်နဲ့ ဆယ်ရက်ခန့်လာဌားလို့ ယာယီရက်တိုသဘောမျိုးသွားပြီး အလုပ်လုပ်တာပါ။ ယခုဆောင်းပါးကတော့ အဲဒီအလုပ်နဲ့ မဆိုင်ပါဘူး။ ဒါပေမဲ့ အဲဒီ NGO က ကျွန်တော်ရဲ့စာဖတ်ပရိသတ်တွေဖြစ်နေတယ်။ ဒီတော့ အလုပ်ခေတ္တနားချိန်၊ ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန်တွေမှာ အဲဒီကပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်နဲ့ စကားပြောတဲ့အခါကျတော့ အလုပ်ကိစ္စကို ခေတ္တဘေးချိတ်ပြီးစာအကြောင်း၊ ပေအကြောင်းဆွေးနွေးကြတော့ မမျှော်လင့်ဘဲ စာရေးသူနဲ့ စာဖတ်သူတွေ့ဆုံပွဲတစ်ခုဖြစ်သွားသေးတယ်။ အဲဒီမှာ အရာရှိလေး တင်မောင်ဇော်(ဆရာတင်)ဆိုသူနဲ့ တော်တော်ဆွေးနွေးဖြစ်တယ်။ အရာရှိလေးတင်မောင်ဇော် (ဆရာတင်)ဟာ တက်ကြွလူငယ်တစ်ဦး ဖြစ်ပြီး ထိုင်းနိုင်ငံက ပညာသင်ပြန်ရောက်လာတာမကြာသေးဘူး။ ကျွန်တော်ရဲ့စာတွေ၊ ဆောင်းပါးတွေကို ရှာဖွေဖတ်ရှုတဲ့ စာပေဝါသနာရှင်တစ်ဦးဖြစ်ပါ

တယ်။ သူက ပညာရေးအကြောင်းဆွေးနွေးပါတယ်။ သူတို့ပြည်နယ်ရဲ့ မြို့တော်မှာ ပုဂ္ဂလိကကျောင်းတွေပေါ်နေပြီ။ ဒါကို သူကြိုဆိုပါတယ်။ ပုဂ္ဂလိကကျောင်းကြီးတွေအသင်အပြကောင်းတယ်၊ စာတတ်အောင်သင်တယ်၊ အောင်ချက်ကောင်းတယ်၊ ထူးချွန်ကျောင်းသားတွေ မွေးထုတ်နိုင်ပါတယ်။ ဒါတွေဟာ အပေါင်းလက္ခဏာဆောင်တဲ့ အရာတွေပါ။ သို့သော် သာမန်လက်လုပ်လက်စား သားသမီးကတော့ ကျောင်းလခအခက်အခဲကြောင့် တက်ရောက်ရန်မလွယ်ပါ။

ဒီနေရာမှာ တင်မောင်ဇော်က ဆွေးနွေးလိုတာက ဆင်းရဲသား သားသမီးနဲ့ သူဌေးသားသမီးတွေက ပညာရေးအခွင့်အလမ်းတွေ မတူတော့ဘူး။ ကျောင်းကောင်းကောင်းမနေရလို့ ပညာရေးအရည်အသွေးနောက်ကျမျိုးဖြစ်နိုင်တဲ့ မရှိဆင်းရဲသားတို့ရဲ့ သားသမီးတွေနဲ့ ပြဿနာကို ဘယ်လိုဖြေရှင်းသင့်လဲ၊ ဆရာဦးထွန်းဝင်းရဲ့အမြင်ကို ပြောပါဆိုပြီး မေးလာပါတယ်။

ဒီတော့ ကျွန်တော်ရဲ့အဖြေကတော့ မရှိဆင်းရဲသား သားသမီးတွေအတွက်ရော သူဌေးသူကြွယ်သားသမီးတွေအတွက်ရော တက္ကသိုလ်ကြီးတစ်ခုရှိပါတယ်။ အဲဒီတက္ကသိုလ်ကတော့ ဆိုင်းဘုတ်ထောင်မထားလို့ ဉာဏ်မျက်စိနဲ့ ကြည့်မှမြင်နိုင်မယ်လို့ ဖြေကြားခဲ့ပါတယ်။

ဒီတော့ တင်မောင်ဇော်(ဆရာတင်)ဟာ စိတ်ဝင်စားပြီး ရှင်းပြပါဦး ဆရာလို့ဆိုပါသောကြောင့် ကျွန်တော်က ဉာဏ်မျက်စိ အကြောင်းကို အရင်ဆုံး ဥပမာနဲ့တကွ ရှင်းပြခဲ့ရပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်ခန့်ကဖြစ်ပါတယ်။ ကျွန်တော် ရန်ကုန်မြို့ထဲနေထိုင်စဉ် ကျွန်တော်နယ်မှာနေတုန်းက ခင်မင်ဖူးတဲ့ အန်တီကြီးတစ်ယောက်ဟာ ကျွန်တော့်ထံသို့လာလည်ပါတယ်။ သူက ကျွန်တော်ဟာ ဆေးခန်းမဖွင့်ဘဲ စာရေးဆရာလုပ်နေလို့နှမြောမိတယ်။ ဆရာဝန်ပညာတွေ အလဟဿ ဖြစ်ကုန်ပါပြီလို့ပြောပါတယ်။ ဒီတော့ ကျွန်တော်က ရှင်းပြပုံက အောက်ပါအတိုင်းဖြစ်ပါတယ်။

ကျွန်တော်က "အန်တီရေ၊ ဆရာ၊ ဆရာမတို့ရဲ့ ပုံသဏ္ဌာန်ကို မျက်စိထဲမှာ ဘယ်လိုမြင်လဲ"

အန်တီ – "ဟဲ့ ဆရာမဆိုတာ လုံချည်စိမ်းနဲ့ အင်္ကျီဖြူနဲ့ မြန်မာ

ဆန်ဆန် ကျက်သရေရှိရှိနဲ့ စာသင်တဲ့ပုံသဏ္ဌာန်ပေါ့"

ကျွန်တော်က– "အဲဒါ သာမန်မျက်စိရဲ့အမြင်ပေါ့။ ဉာဏ်မျက်စိနဲ့ ကြည့်ရင်တော့ ခြေလေးချောင်းရှိတဲ့ဆရာကို မြင်ဖူးလား"

အန်တီ – "ဟဲ့ ... ဟဲ့ မြတ်စွာဘုရား မကြားဝံ့ မနာသာကွယ်၊ အနန္တဂိုဏ်းဝင်ဆရာက ဘယ်လိုလုပ်ပြီး ခြေလေးချောင်းဖြစ်ရတာလဲ"

ကျွန်တော်– "ဒီလိုပါ အန်တီ၊ ဥပမာ ဟိမဝန္တာတောကြီးထဲမှာ ကျားမကြီးတစ်ကောင်က ကျားငယ်လေးတွေကို သမင်အမဲလိုက်နည်း၊ ဒရယ်တစ်ကောင်ကိုဖမ်းနည်းတွေ သင်ပေးတယ်။ ဒါပေမဲ့ ကျားမကြီးက မြေဖြူမကိုင်ဘူး၊ လုံချည်အစိမ်းမဝတ်ပါဘူး။ ကျားမကြီးဟာ ဆရာတစ်ဆူဖြစ်တယ်ဆိုတာ ဉာဏ်မျက်စိနဲ့ကြည့်မှမြင်နိုင်ပါတယ်"

အန်တီ– "အေးကွဲ့။ ဒီလိုဆိုတော့လည်း ဟုတ်တုတ်တုတ်ပါ"

ကျွန်တော်– "ဟုတ်ပြီ အန်တီ၊ ဒါဆိုရင် ကျွန်တော်ဆက် ရှင်းပါရစေ။ ဆရာဝန်တစ်ယောက်ရဲ့ပုံသဏ္ဌာန်ဟာ နားကြပ်ကို လည်မှာချိတ်၊ ဂျူတီကုတ်ဝတ်ပြီးလူနာကိုကြည့်နေတဲ့ပုံသဏ္ဌာန်ကမှ ဆရာဝန်ဆိုရင်တော့ မပြည့်စုံပါဘူး။

ဖောင်တိန်ကိုင်ပြီးတော့လည်း ဆေးကုလို့ရပါတယ်။ ကျွန်တော်ဟာ လုံးချင်း နှစ်ဆယ်ကျော်ရေးပြီးတဲ့အထဲမှာ ကျန်းမာရေး ဆေးပညာလုံးချင်း စာအုပ်က လေးအုပ်ပါဝင်ပါတယ်။ အဲဒီကျန်းမာရေး စာအုပ်လေးအုပ်ဟာ အနည်းဆုံးလူတစ်ယောက်ကိုတော့ အသက်ကယ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဖောင်တိန်ကိုင်ထားတဲ့လူဟာလည်း ဆရာဝန်ပါပဲ။ ဒါပေမဲ့ အဲဒါဟာ ဆရာဝန်ဖြစ်တယ်ဆိုတာ ဉာဏ်မျက်စိနဲ့ ကြည့်မှမြင်နိုင်ပါတယ်"

အန်တီ– "အန်တီနားလည်ပါပြီကွယ်။ ငါ့တူကြီးက အန်တီ့ထက် အသက်ငယ်ပေမဲ့ ဉာဏ်ပညာကြီးမားပါတယ်"

ကျွန်တော်– "ဒီလိုလည်းမဟုတ်ရပါဘူး အန်တီ။ အခါအခွင့်သင့်တဲ့အခါ တစ်ဦးသတိမထားမိတာကို တစ်ဦးကပြောပြတဲ့သဘောလောက်ပါ။ ရှင်းပြခွင့်ရလို့ ကျေးဇူးတင်ပါတယ် အန်တီ"

အန်တီရဲ့ကျွန်တော်တို့ အပြန်အလှန်စကားပြောခဲ့ပုံ ဉာဏ်မျက်စိအကြောင်းကို တောင်တန်းဒေသက အရာရှိကလေး တင်မောင်ဇော်ကို ရှင်းပြ

မိတယ်။ ပြီးတော့ ဉာဏ်မျက်စိနဲ့ကြည့်မှ မြင်နိုင်တဲ့တက္ကသိုလ်ကြီးအကြောင်း ကိုပါ ရှင်းပြခဲ့ပါတယ်။

ကျွန်တော်– "ဒီလိုဗျ။ ဟားဘတ်ဝါက္ကသိုလ်တို့၊ ရန်ကုန် တက္ကသိုလ်တို့၊ ပုဂ္ဂလိကကျောင်းတွေဆိုတာ မျက်စိနဲ့ မြင်ရတဲ့စာသင်ဌာနတွေပါ။ဉာဏ်မျက်စိနဲ့ကြည့်မှ မြင်ရတဲ့တက္ကသိုလ်ဆိုတာ ရှိသေးတယ်"

တင်မောင်ဇော်– "ဆက်ရှင်းပါဦးဆရာ"

ကျွန်တော်– "စောစောက ကျွန်တော်ပြောခဲ့သလိုပေါ့ဗျာ။ ဟိမဝန္တာတောကြီးထဲမှာ ကျားမကြီးက ကျားငယ်လေးတွေကို အမဲလိုက် သင်တန်းပေးတယ်။ အဲဒီတော့ ဟိမဝန္တာတောကြီးက တက္ကသိုလ်ကြီးပေါ့ဗျာ။

လက်ဖက်ရည်ဆိုင်တစ်ခုဟာလည်း တက္ကသိုလ်တစ်ခုပဲဗျ။ အဲဒီမှာ စားပွဲထိုးလေးတွေဟာ နံပြားဖုတ်နည်းလေ့လာနိုင်တယ်။ လက်ဖက်ရည်ဖျော်နည်းလေ့လာနိုင်တယ်။ နန်းကြီးသုပ်၊ နန်းပြားသုပ်လုပ်နည်းလေ့လာနိုင်တယ်ဗျ။ အတန်းပညာတွေကတော့ FORMAL EDUCATION လို့ခေါ်ရင် ပြင်ပသင်တန်းတွေကိုတော့ INFORMAL EDUCATION လို့ခေါ်နိုင်တာပေါ့။ လက်ဖက်ရည်ဆိုင်မှာ နံပြတ်ဖုတ်နည်းလေ့လာတာကတော့ NON FORMAL EUDCATION ပါ။ ကျောင်းပြင်ပ ပညာရေးဟာ လူ့ဘဝအတွက် အလွန်ရေးပါပါတယ်။ ကျောင်းကောင်းတွေနေရဖို့ ဆိုတာကတော့ ကျောင်းသားရဲ့ အတိတ်ကံနဲ့ဆိုင်ပါတယ်။ ဥပမာ ကျွန်တော်ကိုယ်တိုင်ဟာ နာမည်ကျော် ဟားဘတ်တက္ကသိုလ်မှာ နေခွင့်မရခဲ့ပါဘူး။ ဒါပေမဲ့ ဘယ်လို ကျောင်းမှာပဲနေရသည်ဖြစ်စေ ကျောင်းသားက သွက်လက်သောပညာရှာသူ၊ ပညာကိုလိုလားသူဖြစ်ဖို့လိုပါတယ်။

ပညာလိုချင်နေသူတွေအတွက် သူနေတဲ့ကျောင်းတိုင်းဟာ အလွန်ကောင်းတဲ့ကျောင်းကြီးတွေဖြစ်နေမှာပါ။ ဒါကြောင့် ဟားဘတ်တက္ကသိုလ်မတက်ရလို့လည်း စိတ်ဓာတ်ကျစရာမလိုပါဘူး။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကပြောခဲ့တာကတော့ ကမ္ဘာကြီးဟာ တက္ကသိုလ်ကြီးတစ်ခုပါလို့တင်စားခဲ့ပါတယ်။ ဒါကြောင့် ပညာလိုချင်သူက ကြိုးစားဖို့ပဲလိုပါတယ်"

တင်မောင်ဇော် – "ဟုတ်ပါ့ဆရာရယ်။ ဟုတ်ပါ့"

ကျွန်တော် – "ကဲဟုတ်ပါပြီ။ ဆရာတို့လည်း ဝပ်ရှော့လုပ်နေတုန်းက ခေတ္တ လက်ဖက်ရည်သောက်ချိန်မှာ ပြင်ပအကြောင်းအရာတစ်ခုကို ဆွေးနွေးလိုက် တာအချိန်စေ့သွားပြီ။ ဆရာတို့ရဲ့ မူလဝပ်ရှော့ဖြစ်တဲ့ စီမံကိန်းစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ PROJECT MANAGEMENT WORKSHOP ပြန်စ လိုက်ရအောင်လား"

တင်မောင်ဇော်– "ဟုတ်ကဲ့ ဆရာ။ ကျေးဇူးတင်ပါတယ်" ဟု သူက ဆိုရာ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆောင်းပါးတစ်ပုဒ်ရေးဖို့ ကုန်ကြမ်းရသွားတာကိုးဟု ဆိုလိုက်ပါကြောင်း။

* * *

ဉာဏ်မျက်စိဖြင့် ကြည့်မှမြင်နိုင်သော ဆေးကုခြင်း

လူတွေမှာလည်း သာမန်စိန့်မြင်ရသောရောဂါများမှာ ဝမ်းဖော၊ ၄က်ဖျားတို့ဖြစ်ပြီး ဉာဏ်မျက်စိဖြင့်ကြည့်မှ မြင်ရသော အဓိကရောဂါကြီး သုံးမျိုးသည် လူသားတိုင်း၌ရှိ၏။ ၎င်းရောဂါကြီး သုံးမျိုးမှာ 'လောဘ'၊ 'မောဟ'၊ 'ဒေါသ' ဖြစ်၍ ၎င်းရောဂါတို့အားနည်းသွားအောင် သံဃာတော်တို့က ကုပေးရ၏။

ပစ္စုပ္ပန်ကာလ၌ ဆရာဝန်ဘွဲ့ရပြီး ဆရာဝန်မလုပ်ဘဲ တခြားအလုပ်လုပ်စားနေရသော ကျွန်တော်၏ ဘဝဇာတ်ကြောင်းကို နတ်သံနှောရ၍ ရင်ဘတ်စည်တီးညည်းပြရမည်ဆိုပါသော် အပြင်ဆရာဝန် တစ်ယောက်သာ ဖြစ်လို့ ဆေးပညာကို ပါရဂူမြောက်အောင်တတ်ခဲ့သူမဟုတ်ဘဲ အခြေခံဆေးပညာပဲတတ်ပါတယ်။ ဒါပေမဲ့ ကံအားလျော်စွာ စီးပွားရေးတက္ကသိုလ်ကညနေပိုင်းမဟာဘွဲ့ သင်တန်းတွေဖွင့်လို့ M.P.A ပြည်သူ့ရေးရာစီမံခန့်ခွဲရေးမဟာဘွဲ့သင်တန်းကို တက်ခဲ့ပါ၏။ ဒီတော့ Managementဘာသာရပ်ကို နည်းနည်းတက်ခဲ့တယ်။ စီမံကိန်းတွေမှာ ဆယ်နှစ်လောက်လုပ်ပြီးတော့ ကျွန်တော့်ဘဝက ဘယ်လိုဖြစ်နေလဲဆိုပါရင် ဆေးပညာမှာလည်း ပါရဂူ

မဟုတ် Management ဘာသာမှာလည်း Ph.D မဟုတ်။ တောင်မရောက်မြောက်မရောက်ဖြစ်နေရပါတယ်။ အသက်ငယ်ငယ် ဖရက်ရှာမဟုတ်ဘဲ ကျွန်တော့်လို ရိုးရိုးဆရာဝန်တစ်ယောက်ကို ယနေ့ဆေးခန်းကြီးတစ်ခုခုမှာ လက်ထောက်ဆရာဝန်လုပ် ပါရစေဆိုရင်တောင် အလုပ်ခန့်လိမ့်မည်မထင်ပါ။ သို့နှင့် Management Field မှာ အလုပ်လုပ်ရန် ရွေးချယ်ခဲ့ရပါ၏။ သို့နှင့်ပေါ့ဗျာ ဝန်ထမ်း ၁,၀၀၀ နီးပါးရှိသော ကုမ္ပဏီတစ်ခု၏ Human Resource Manager အဖြစ် အလုပ်လုပ်ရပြီး လွန်ခဲ့တဲ့တစ်နှစ်က စတင်ထုတ်ဝေသော Human Resource ဂျာနယ်တစ်ခုမှာ တစ်နှစ်အတွင်း ဆောင်းပါးအပုဒ် ၅၀ ရေးပေးခဲ့ပါတယ်။

Human Resource Training Centre (ကိုယ်ပိုင်လုပ်ငန်း) ထူထောင်ပြီး သင်တန်းပေးနေရာ ကုမ္ပဏီအချို့က မန်နေဂျာတချို့ သင်တန်းလာတတ်ပါ ၏။ အဲဒီမှာ ပြဿနာဟောင်းက ပေါ်လာပြန်ပါပြီ။

သင်တန်းသား မန်နေဂျာတစ်ဦးက "ဆရာက ဆရာဝန်တစ်ဦးဆိုတော့ ဆေးမကုတော့ဘူးပေါ့။ ပညာတွေ နှမြောစရာ"ဟုပြော၏။ ကျွန်တော်က ဖြေရတာကတော့

"ကျွန်တော်ဆေးကုနေပါတယ်"ဟုဖြေ၏။ သူက "ဗျာ၊ ဟုတ်လား၊ ဆေးခန်းက ဘယ်မှာလဲဆရာ"ဟုမေး၏။ ကျွန်တော်က

"ကျွန်တော်အခု လူသားအရင်းအမြစ် စီမံခန့်ခွဲရေးနယ်ပယ်မှာ အလုပ်လုပ်တယ်။ မလိမ္မာတဲ့သူကို လိမ္မာအောင်ဆုံးမရတယ်။ မလိမ္မာတဲ့ရောဂါကို ဆေးကုပေးရတာပဲပေါ့ဗျာ"ဟုဖြေရပါ၏။

* * *

ဉာဏ်မျက်စိဖြင့်ကြည့်လျှင် မြင်နိုင်သောရှက်စရာအဖြစ်

နိုင်ငံခြားမြို့ကြီးတွင် မြို့လယ်ကောင်၌ လူအများရှေ့တွင် အဝတ်အစားမပါဘဲ ကိုယ်လုံးတီးနေပြကြသော အပြုအမူတွေ တော်တော်တိုးပွားနေ၍ ထိုသို့မလုပ်ရန် ဥပဒေပြဋ္ဌာန်းရန်ပင် စဉ်းစားနေရပြီဟုဆိုသည်။

သာမန်ရိုးရိုးပဲတွေးကြည့်ရင် ကိုယ်လုံးတီးဝါဒဆိုသည်မှာ ကောင်းသည့်ကိစ္စတော့မဟုတ်ပါ။ ကိုယ်လုံးတီးဝါဒကို ဆန့်ကျင်သော လူသားတွေ လက်ညှိုးထောင်ဟုဆိုလျှင် ကျွန်တော် ထောင်လိုပါသည်။ ကျွန်တော် ငယ်ငယ်က မူလတန်းကျောင်းသားဘဝက သင်ယူဖူးတာကတော့ လူနှင့် တိရစ္ဆာန်ခြားနားချက်မှာ လူသားတွေက အရှက်ရှိတယ်၊ တိရစ္ဆာန်တွေက အရှက်ကင်းမဲ့တယ်။ ဒါကြောင့် အဝတ်အစားမရှိဘူးရယ်လို့ သင်ယူဖူးပါတယ်။

ဒီလိုနဲ့ မူလတန်းတုန်းက သင်ကြားမှုတစ်ခုကို မှတ်သားလာခဲ့ရာက နောင်နှစ်တွေများစွာ ကြာညောင်းတဲ့အခါကျတော့ ကျွန်တော်ဆရာဝန်ဖြစ်ပြီး အညာဒေသကျေးလက်ဒေသတစ်ခုမှာ ကိုယ်ပိုင်ဆေးခန်းဖွင့်ခဲ့ပါတယ်။ အဲဒီမှာ အတွေ့အကြုံတစ်ခုရခဲ့ပါတယ်။ ဒေါ်တင်လှ(နာမည်လွှဲ)ဆိုသူ

တောင်ယာလုပ်သူ အသက် ၆၀ ခန့် မိန်းမကြီးတစ်ဦးဟာ အတော်အသင့် ပြည့်စုံကြွယ်ဝပြီး ငွေတိုးလည်းချေးစားပါတယ်။ သို့သော် မတရားအတိုးမယူပါဘူး။ သင့်တင့်တဲ့အတိုးပဲ ယူတယ်။ အကြွေးပြန်ဆပ်ရတာနဲ့ ပက်သက်လို့ တကယ် မရှိဆင်းရဲ၊ မိုးခေါင်လို့ သီးနှံမထွက်တဲ့တောင်သူတွေကို အကြွေးပြန်ဆပ်ရန် ဆိုင်းငံ့ခွင့်ပြုခဲ့တယ်။ သူတို့ဆီမှာ ငွေချေးတဲ့နည်းတစ်ခုက ငရုတ်သီးပင် ထောင်ပေးလို့ ခေါ်ပါတယ်။

ငရုတ်သီးစိုက်တဲ့ တောင်သူတွေက ငွေကြေးတင်ယူပြီးရင် ငရုတ်သီးထွက်တဲ့အခါ သတ်မှတ်ငရုတ်သီးတင်းရေကိုပေးဆပ်ရပါတယ်။ မိုးလေဝသမှန်ကန်ပြီး ငရုတ်သီးထွက်လျက်သားနဲ့ကြွေးဆပ်ရန်ပျက်ကွက်တဲ့ တောင်သူတွေကို ဒေါ်တင်လှ စိတ်ဆိုးပါတယ်။ ထိုကဲ့သို့သော ကတိမတည်သောသူများကို ဒေါ်တင်လှရဲ့အကြွေးတောင်းတဲ့ နည်းတစ်ခုကတော့ အဲဒီအိမ်ရှေ့ကိုသွားပြီး အဝတ်အစားတွေချွတ်ပြီး ကိုယ်လုံးတီးမတ်တတ်ရပ်ပြီး ရန်တွေ့တာပါပဲ။ ရွာသားတွေကပြောကြပါတယ်။ အရီးမတင်လှရေ ကိုယ်လုံးတီးချွတ်ပြတာ ရှက်စရာပါ၊ မလုပ်ပါနဲ့လို့ဆိုတော့ ဒေါ်တင်လှက ပြန်ပြောတာကတော့။

"ကိုယ်တုံးလုံး ချွတ်တာထက်ပိုပြီး ရှက်စရာကောင်းတာက စာရိတ္တညံ့ဖျင်းတာက ရှက်စရာပဲ'လို့ပြန်ပြောခဲ့ပါတယ်။ ဒေါ်တင်လှလို တောသူမကြီးတစ်ဦးရဲ့စကားဟာ မှတ်သားစရာကောင်းလှပါတယ်။ ယခုတစ်ဖန် ဆန်ဖရစစ္စကိုမြို့နယ်က ကိုယ်လုံးတီးဝါဒတွေအကြောင်း ဂျာနယ်မှာ ဖတ်ရတော့ တောသူမကြီး ဒေါ်တင်လှရဲ့ ဒဿနကို ကျွန်တော် သတိရမိပါတယ်။ ဆန်ဖရန်စစ္စကိုက ကိုယ်လုံးတီးတွေဟာ သာမန်မျက်စိနဲ့မြင်ရတဲ့ ကိုယ်လုံးတီးတွေပါ။ သူတို့တွေကို အများသူငါက ရှုတ်ချရင်းနဲ့ သူတို့ထက်ပိုဆိုးတဲ့ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ ကိုယ်လုံးတီးတွေကို မတွေ့လိုက်ရဘဲ ကိုယ်လုံးတီးတွေကို အရှိအသေပေးလိုက်မိတဲ့ဘဝမျိုးရောက်သွားမှာ စိုးရိမ်မိပါတယ်။ ဉာဏ်မျက်စိနဲ့ကြည့်မှ မြင်ရတဲ့ ကိုယ်လုံးတီးတွေဟာ မဟုတ်တာလုပ်တာကို သိသိကြီးနဲ့ ဗြောင်ကျကျ မျက်နှာပြောင်ပြောင်နဲ့နေပြကြသူတွေကို ပြောတာပါ။

ဉာဏ်မျက်စိနဲ့ကြည့်မှမြင်ရသော ကိုယ်လုံးတီးဥပမာပုံပြင်

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူစဉ် မင်းမှူထမ်းတွေဟာ လစာနည်းလှပါတယ်။ အဲဒီမှာ မောင်စောရဆိုတဲ့ လူငယ်တစ်ဦးဟာ မင်းမှူထမ်းတစ်ဦးဖြစ်ပြီး သူရဲ့ လစာငွေက တစ်လကို ငွေဒင်္ဂါးဆယ်ပြားပဲရပါတယ်။ ဒါပေမဲ့ သူဟာ အချိန်တိုအတွင်းမှာ ချမ်းသာလာပြီး ငွေဒင်္ဂါးအရေအတွက်တစ်သောင်းပေးရတဲ့ မြင်းရထားကြီးကို ဝယ်စီးနိုင်ပါတယ်။ မောင်စောရတို့လင်မယားရဲ့ နှစ်ဖက်မိဘတွေဟာလည်း လက်လုပ်လက်စားတွေဖြစ်လို့ သူတို့ကို အမွေမပေးပါဘူး။ သူတို့ထီလည်း မပေါက်ပါဘူး။ ဒီတော့ ဒီလို မြင်းရထားမျိုးကြီး ဝယ်စီးတယ်ဆိုတာ အကျင့်ပျက်ခြစားလို့ရတဲ့ ငွေတွေနဲ့ဝယ်စီးတာဆိုတာ လူတွေတော်တော်များများ ရိပ်မိပါတယ်။

တစ်နေ့တော့ အလှူမဂ််လာပွဲတစ်ခုကို မောင်စောရတို့ လင်မယားကြွလာပါတယ်။ အဲဒီအခါမှာ သူတို့ရဲ့ ရတနာစီချယ်ထားတဲ့ မြင်း ၄ ကောင် ဆွဲတဲ့ရထားနဲ့ရောက်လာပါတယ်။ သူတို့လင်မယားဟာ လုံလုံခြုံခြုံယဉ်ယဉ်ကျေးကျေးဝတ်ထားတယ်။ ကိုယ်လုံးတီးမဟုတ်ပါ။ လူတွေက ဟန်ဆောင်အပြုံးနဲ့သူတို့ လင်မယားကိုဆီးကြိုပါတယ်။ ဒါပေမဲ့ မြင်းရထားကြီးဟာ မရိုးသားတဲ့ဝင်ငွေနဲ့ ဝယ်တယ်ဆိုတာ လူတွေရိပ်မိတယ်။ ဒါကို သူတို့ကလည်းသိတယ်။ ဒါပေမဲ့ မရှက်ပါဘူး။ ဂုဏ်ယူစွာ ပြုံးပြုံး၊ ပြုံးပြုံးနဲ့ပါ။ အဲဒီတော့ ကိုယ်လုံးတီးလုပ်သလို ဖြစ်နေပါတယ်။ အဲဒါကို ဉာဏ်မျက်စိနဲ့ကြည့်မှမြင်မှာပါ။ ဉာဏ်မျက်စိနဲ့ကြည့်ရင် အထင်သေးစရာပါ။ ပုံပြင်လေးကတော့ ဒါပါပဲ။

ဖုံးသင့်တာကို ဖုံးကြရပါမည်

USAက ဆန်ဖရန်စစ္စကို မြို့သားတွေ (အားလုံးကိုမဆိုလို) ကိုယ်လုံးတီးမနေသင့်ပါ။ ဖုံးကြပါ။ ဖိကြပါ။ အရှေ့တိုင်းဒေသက မိန်းကလေးတွေ လုံလုံခြုံခြုံဝတ်သင့်ကြပါသည်။

ဖော်သင့်တာကို ဖော်ကြပါ

ဖော်သင့်တယ်ဆိုတာကတော့ ပွင့်လင်းမြင်သာသာ (TRANSPA-ENCY) ဖြစ်ပါတယ်။ ဥပမာ– ကမ္ဘာအရပ်ရပ်၌ အများပိုင် ငွေကြေးကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူများသည် သက်ဆိုင်သူများကို ငွေစာရင်း အစီရင်ခံစာ ထုတ်ပြန်ရပါမည်။ လူသိမခံရဲတဲ့ ငွေစာရင်းကိစ္စမျိုးမရှိသင့်ပါ။ ဖုံးသင့်တာကို ဖော်၍ ဖော်သင့်တာကို ဖုံးရင် ဖွံ့ဖြိုးမှု (Development) နောက်ကျပါတယ်။

သူတို့ကဖုံးသင့်တာကိုဖော်ရင် ကျွန်တော်တို့က မျက်လွှာ အောက်ချရန်သာရှိပါတော့သည်

တကယ်လို့များ ကျွန်တော်တို့သည် တိုးရစ်အဖြစ်နှင့် ဆန်ဖရန်စစ္စကို မြို့သို့ အလည်ရောက်ရင် ကိုယ်လုံးတီးဝါဒတွေနဲ့ တွေ့ရင် ကျွန်တော်တို့ မျက်လွှာအောက်ချနေရုံသာ ရှိပါသည်။ အကယ်၍ ကျွန်တော်တို့သည် ဤဆောင်းပါးပုံပြင်၌ပါသော ဗာရာဏသီပြည်သို့ အလည်ရောက်ရင်၊ မောင်စောရတို့လင်မယားအ၏ မြင်လေးကောင်ဆွဲရတဲ့ ရထားကြီးကို တွေ့ရင်လည်း ဉာဏ်မျက်စိနဲ့ကြည့်၍ မျက်လွှာအောက်ချရပါမည်။

ကျွန်တော်တို့သည် သာမန်ရိုးရိုးမျက်စိနဲ့လည်း မြင်တတ်ရမည်။ ဉာဏ်မျက်စိနဲ့လည်း မြင်တတ်ရမည်။ မျက်စိချင်းအတူတူ ဉာဏ်မျက်စိကပို၍ အရေးပါတယ်လို့ဆိုပါရစေလား။

* * *

ဆေးတက္ကသိုလ်တက်ခွင့်မရသော သူငယ်များသိအပ်သော ဉာဏ်မျက်စိနှင့် ကြည့်မှသာမြင်နိုင်သော ဆေးကုသူကြီးများ၏ပုံသဏ္ဌာန်

မြန်မာနိုင်ငံမှာ ဆေးတက္ကသိုလ်တက်ချင်တယ်။ ဆရာဝန် လုပ်ရတာ ဝါသနာပါတယ်။ ဒါပေမဲ့ ဆေးတက္ကသိုလ်တက်ရန် ဆယ်တန်းစာမေးပွဲမှာ ရမှတ်မမီလို့ ဆေးတက္ကသိုလ်တက်ခွင့်မရကြသူတွေ နစ်နာနေတယ်လို့ သိရပါတယ်။ ဆေးပညာတွဲ့ရသူတော်တော်များများဟာ ဆေးကုတဲ့၊ နားကြပ်ကိုင်တဲ့အလုပ်ကို မလုပ်တဲ့အချိန်မှာ အမှန်တကယ် ဆေးကုချင်သူတွေက အမှတ်မမီလို့ ဆေးတက္ကသိုလ်တက်ခွင့်၊ ဆရာဝန်ဖြစ်ခွင့်မရဘူးဖြစ်နေတယ်လို့ ဆိုပါတယ်။

စောင့်ကြည့်ဂျာနယ် (News Watch) ၃.၉.၂၀၁၃ နေ့ထုတ်မှာ စာရေး ဆရာသရဝဏ်(ပြည်)ရဲ့ ဆရာဝန်လုပ်မှာလား၊ ဈေးရောင်းမှာလား ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခွင့်ရခဲ့ပါတယ်။ ဆောင်းပါးမှာ ပါဝင်တာကတော့ ဆရာဝန်မတစ်ဦးက ရေပိုက်နဲ့ ဘုံဘိုင်ခေါင်းပစ္စည်းများ ရောင်းနေပြီး ကြီးပွားနေတယ်လို့ဆိုပါတယ်။ နောက် ဆရာဝန်မတစ်ဦးကတော့ ရွှေဆိုင်ဖွင့်ပြီး ချမ်းသာနေပါတယ်လို့ဆိုပါတယ်။ ဒီတော့ ဆရာဝန်အရေ

အတွက် နည်းနေသေးတဲ့ တိုင်းပြည်အတွက် နစ်နာပုံကို ထောက်ပြသွားပါတယ်။ ထို့ပြင် ဆရာဝန်ဘွဲ့ရပြီး အဆိုကျော်လုပ်နေသူများ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးလုပ်နေ သူများ၊ စာရေးဆရာလုပ်နေသူများ၊ ခြံစိုက်စားနေသူများ၊ ဆေးဆိုင်ဖွင့်ရောင်း နေသူများ၊ ဆောက်လုပ်ရေးကန်ထရိုက်လုပ်နေသူများ၊ ပွဲစားလုပ်နေသူများ လည်း များစွာရှိကြောင်း ရေးသားထားပါသည်။

ကျွန်တော်ကလည်း ဆရာဝန်ဘွဲ့ရပြီး စာရေးဆရာလုပ်စားနေသူဖြစ်ပါတယ်။ ဒီတော့ ပထမတော့ ငါတို့ကိုများ နားကြပ်ပြန်ကိုင်ဖို့ တိုက်တွန်းနေတာများလားဆိုပြီး လန့်သွားပါသေးတယ်။ နောက်တော့မှ စာရေးဆရာ သရဝဏ်(ပြည်)က ကျွန်တော်တို့ကို အပြစ်မတင်ပါဘူး။ ဆရာဝန်မလုပ်ဘဲ ဆေးကျောင်းတက်ပါသောကြောင့် ဆရာဝန်ဖြစ်ခွင့်မရတော့တာကို ထောက်ပြသွားပါတယ်။ ဒါကြောင့် ဆေးပညာဝါသနာပါသူတိုင်း ဆေးတက္ကသိုလ်တက်ခွင့်လက်လှမ်းမီရေးအတွက် စနစ်တစ်ခုကိုဖန်တီးသင့်ကြောင်း အပြုသဘောရေးသားထားတာ တွေ့ရပါတယ်။

အကယ်၍ ကျွန်တော်တို့ကို နားကြပ်ပြန်ကိုင်ဖို့အကြံပြုတာဆိုရင်လည်း ကျွန်တော်တို့က လိုက်နာနိုင်သည်ဖြစ်စေ၊ မလိုက်နာသည်ဖြစ်စေ ကျေးဇူးတင်မှာပါ။ ဘာကြောင့်လဲဆိုတော့ အပြုသဘော အကြံပြုတာသာဖြစ်၍ပဲဖြစ်ပါတယ်။ တကယ် ဆရာဝန်လုပ်ချင်သူတွေ ဆေးကျောင်း အမှတ်မမီလို့ ဆရာဝန်ဖြစ်ခွင့်မရဆိုရာမှာ ဥပမာ ဆေးကျောင်းဝင်ခွင့် အနိမ့်ဆုံးလိုအပ်ချက်က ၄၅၀ မှတ်ဆိုပါစို့။ ဒါဆိုရင် ၄၄၉ မှတ်ရ ဆေးပညာဝါသနာပါသူက ဆရာဝန်မဖြစ်ရတော့ဘူး။ ဒီတော့ ဆေးတက္ကသိုလ်ဝင်ခွင့်ကို တခြားတစ်နည်းတစ်ဖုံ ပြဋ္ဌာန်းသင့်တယ်လို့ပြောတာဟာ ကောင်းသော အကြံဖြစ်ပါသည်။ ဥပမာ– LL.B ဘွဲ့မရဘဲ ရှေ့နေဖြစ်သူတွေရှိခဲ့ဖူးပါတယ်။ နိုင်ငံတော်က ကျင်းပပေးတဲ့ HGP စာမေးပွဲ၊ RL ခေါ် မှတ်ပုံတင် ရှေ့နေ သင်တန်းတွေဟာ တက္ကသိုလ်က LL.B ဘွဲ့မရရင်လည်း ရှေ့နေဖြစ်နိုင်ပါတယ်။ အမေရိကန်ရဲ့ ၁၆ ဦးမြောက်သမ္မတကြီး အေဗရာဟင်လင်ကွန်းဟာ အဲ့ဒီနည်းနဲ့ မှတ်ပုံတင်ရှေ့နေဖြစ်ခဲ့သူပါ။ ဆေးလောကမှာလည်း ဆယ်တန်းမှာ ဆေးတက္ကသိုလ်အမှတ်မမီရင် သီးခြားစစ်ဆေးပြီးဆရာဝန်ဖြစ်နိုင်တဲ့ နည်းလမ်းရှိမယ်ဆိုပါစို့။ အဲဒီနည်းနဲ့ဆရာဝန်ဖြစ်ရင် အဲဒီဆရာတွေ

ကရော သူတို့ဘဝတစ်သက်လုံး ဆရာဝန်လုပ်မလားဆိုတာ မေးခွန်းတစ်ခု ထုတ်စရာဖြစ်ပါတယ်။ သူတို့ဘဝမှာလည်း အခြားအလုပ်တစ်ခုကို ပြောင်းမလုပ်ဘူးလို့ ဘယ်သူမှအာမ မခံပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆရာဝန်ဘဝကို စွန့်ခွာသွားကြသူတိုင်းဟာ ဆရာဝန်ဘဝကို သံယောဇဉ်မရှိလို့၊ မခင်တွယ်လို့ သူထက်သာတဲ့အလုပ်တွေကိုပြောင်းကြတာတော့ မဟုတ်ပါဘူး။ ဘဝပေးအခြေအနေအရ ရေကြည်ရာမြက်နုရာကို ပြောင်းကြရရှာပါတယ်။

ဥပမာတစ်ခုတင်ပြပါမယ်။ မြန်မာပြည်မှာထိပ်တန်း သူဌေးကြီးတစ်ဦးရှိတယ်။ သူက ယခင်ကျေးလက်ဒေသက လူငယ်တစ်ဦးပါ။ သူရဲ့ဇာတိကျေးရွာမှာ ဆရာဝန်မရှိဘူး။ ဒေါက်တာရမ်းကုတွေနဲ့ဆေးကုရရှာပါတယ်။ တစ်နေ့တော့ အဲ့ဒီသူဌေးကြီးရဲ့ယောက်ဖတစ်ဦးဟာ ဒေါက်တာရမ်းကုနဲ့ ဆေးကုခံရင်း အသက်ပျောက်ခဲ့ရလို့ သူဌေးကြီး စိတ်ထိခိုက်သွားတယ်။ ဒါနဲ့သူရဲ့ဇာတိရွာထဲမှာ ဆရာဝန်တစ်ဦးနေရန် အိမ်ဆောက်တယ်။ ဆေးခန်းဆောက်တယ်။ ဆေးဝါးပစ္စည်းလိုတာတွေ ဖြည့်တင်းတယ်။ ပြီးတော့ ရန်ကုန်က ပုဂ္ဂလိကဆရာဝန်တစ်ဦးကို လခနဲ့ငှားလိုက်ပြီး သူရဲ့ဇာတိ ရွာမှာ နေထိုင်ဆေးကုစေပါတယ်။ ဆရာဝန်က သူဌေးကြီးပေးတဲ့လခကို အပြည့်အဝရရှိပါတယ်။ ဒါပေမဲ့ အဲဒီဆရာဝန်က သုံးလလောက်ကြာတော့ ရန်ကုန်သို့ ပြန်ရောက်နေတယ်။ ဘာကြောင့်လဲဆိုတော့ သုံးလလောက် ဆေးခန်းဖွင့်တာ လူနာက တစ်ရက်ကို တစ်ယောက်လောက်လာတယ်။ လူနာ လုံးဝမလာတဲ့ နေ့ရှိတယ်။ လူနာတွေအားလုံး ဒေါက်တာရမ်းကုထံ သွားကြပါတယ်။ ဒီတော့ ဆရာဝန်ကလည်း သူဌေးကြီးပေးတဲ့လခကို မှိန်းယူရမှာရှက်လာပြီး ရန်ကုန်ပြန်လာခဲ့ရပါတယ်။ ဒါဟာ တကယ့်အဖြစ်အပျက်ပါ။ အဲဒီလိုကြုံရတဲ့ ဆရာဝန်က အခြားအလုပ်ပြောင်းလုပ်မယ်ဆိုရင် မဆန်းပါဘူး။ ဒီတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဆရာဝန်အရေအတွက်နည်း နေသေးတဲ့အထဲမှာ ဆရာဝန်တွေကဆေးမကုပြန်တော့ ပြဿနာတစ်ခုဖြစ်လာပြန်ပါတယ်။ အဲ့ဒီ ပြဿနာကိုဖြေရှင်းဖို့အတွက် ကျွန်တော်တို့အဖြေရှိပါတယ်။ ဘာလဲဆိုတော့ ရင် လူမမြင်အောင် ဆေးကုနိုင်ကြပါတယ်။ အဲဒါက ဘာလဲဆိုရင် ဤ ဆောင်းပါးခေါင်းစဉ်ပါ။ ဉာဏ်မျက်စိနဲ့ ကြည့်မှမြင်နိုင်သော ဆေးကုသူ ကြီးများပဲ ဖြစ်ပါတယ်။

ဆရာဝန်မလုပ်တော့ဘဲ လူတစ်ယောက်ဉာဏ်မျက်စိကို ကုစားနေပုံဥပမာ

ဥပမာဆိုရင် လူရွှင်တော် ဇာဂနာကိုကြည့်ပါ။ သူဟာ သွားဆရာဝန်တစ်ယောက်ပါ။ သွားဆရာဝန်မလုပ်ဘဲ လူပြက်လုပ်နေပါတယ်။ ဒီတော့ ဆရာဝန်တစ်ယောက်ဆုံးရှုံးရတယ် မထင်စေချင်ဘူး။ သူဟာ မျက်စိကုသူတစ်ယောက်လုပ်နေပါတယ်။ ဇာဂနာရယ်လို့မဟုတ် ဇာတ်သဘင်အဖွဲ့သားအားလုံး မင်းသား၊ မင်းသမီး၊ လူရွှင်တော်တွေနဲ့ပတ်သက်တဲ့ စာဆိုရှိတာက ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်ရမယ်တဲ့။ ဥပမာ– ရွှေမန်းတင်မောင်ရဲ့ ရွှဲကုန်သည်ဇာတ်လမ်းဆိုရင် လောဘမကြီးဖို့ ပြည်သူတွေရဲ့ ဉာဏ်ကို ဖွင့်ပေးတယ်။ ဒီတော့ ဇာတ်သမားတွေဟာ လူတွေရဲ့ ဉာဏ်မျက်စိကို ကြည်လင်အောင်လုပ်ပေးတယ်။ ဒီတော့ လူပြက်လုပ်တဲ့ ဇာဂနာဟာလည်း ဉာဏ်မျက်စိကိုကြည်လင်အောင်လုပ်ပေးတယ်။ ကျွန်တော်သာ တက္ကသိုလ်တစ်ခုရဲ့ အာဏာပိုင်ဆိုရင် ဇာဂနာအပါအဝင် ဇာတ်သမားတွေကို "ဆေးပညာဘွဲ့ (ဉာဏ်မျက်စိ)"ဆိုပြီး ဘွဲ့ပေးချင်ပါတယ်။

အရေပြားကင်ဆာကာကွယ်ရေးဆရာကြီးတစ်ယောက်

စာရေးဆရာကြီး တက္ကသိုလ်စိန်တင်ကတော့ သူရဲ့ချယ်ရီ ဝက်ဝွန်ကားအပါအဝင် ကားတွေအားလုံး မှန်အမည်းတပ်ခွင့်ပြုဖို့ ဆောင်းပါးရေးပါတယ်။ နွေရာသီမှာ နေရောင်ခ်ဋ် အရေပြားကင်ဆာဖြစ်စေသော ခရမ်းလွန်ရောင်ခြည်ပါဝင်နှုန်းက ကြောက်စရာပါ။ ဒါကို တက္ကသိုလ်စိန်တင်ကထောက်ပြပါတယ်။ ကားမှန်မှာ စတေကာ နေကာတပ်ခွင့်တင်ပြပါတယ်။

ကားမှန်မှာ စတေကာနေကာတပ်ခွင့်တင်ပြထားတာဟာ အရေပြားကင်ဆာကာကွယ်ပေးတာပါ။ သူဟာ ကျွန်တော်တို့ ဆရာဝန် စစ်စစ်တချို့ (အားလုံးကိုမဆိုလို) သတိမပြုမိတဲ့ အရေပြားကင်ဆာ ကာကွယ်ရေးနည်းလမ်းကိုပေးခဲ့တယ်။ ဒါဟာ ဉာဏ်မျက်စိနဲ့ကြည့်မှမြင်နိုင်တဲ့ ဆေးဆရာတစ်ယောက်ပါ။ အကယ်၍ ကျွန်တော်ဟာ တက္ကသိုလ်တစ်ခုရဲ့ အာဏာပိုင်ဖြစ်ရင် တက္ကသိုလ်စိန်တင်ကို "ဂုဏ်ထူး ဆောင်ဆေးပညာဘွဲ့ (အရေပြားကင်ဆာကာကွယ်ရေး)"ရယ်လို့ ဘွဲ့လက်မှတ်ပေးချင်ပါတယ်။

ဝမ်းနည်းစိတ် အထူးကုဆေးဆရာဆိုဘာလဲ

လူတွေဟာ နာရေးရှိရင် ဝမ်းနည်းကြပါတယ်။ နာရေးကူညီမှု အသင်းက ဦးကျော်သူဆိုရင် နာရေး မသာကိုကူညီလို့ ဝမ်းနည်းမှုတွေ ပြေလျော့ကြတယ်။ ကျွန်တော်သာ တက္ကသိုလ်တစ်ခုရဲ့ အာဏာပိုင်ဆိုရင် ဦးကျော်သူကို "ဂုဏ်ထူးဆောင်ဆေးပညာဘွဲ့ (ဝမ်းနည်းစိတ်အထူးကု)" ဘွဲ့ချီးမြှင့်ချင်ပါတယ်။

အဆုတ်ရောဂါအထူးကု ဆေးဆရာဆိုတာဘာလဲ

စာရေးဆရာကြီး လူထုစိန်ဝင်းရဲ့ရုပ်ပုံလွှာမှာ အဆုတ်အားနည်းလို့ အောက်ဆီဂျင်ပိုက်တန်းလန်းနဲ့ ဖြစ်နေတော့ သူ့ကို အောက်ဆီဂျင်ရှူဖို့ ညွှန်ကြားသူတွေဟာ ရိုးရိုးမျက်စိနဲ့မြင်ရတဲ့ ဆေးဆရာတွေဖြစ်ပါတယ်။ ဉာဏ်မျက်စိနဲ့ကြည့်မှမြင်ရတဲ့ ဆေးဆရာဆိုတာ ရှိသေးတယ်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီတွေဖြစ်တဲ့ ဦးအုန်း၊ ဒေါ်ဒေဝီသန့်စင် စသူတွေဟာ သစ်ပင်တွေစိုက်ကြပါတယ်။ အဲ့ဒီသစ်ပင်တွေကနေပြီး အောက်ဆီဂျင်ထုတ်လွှတ်ပါတယ်။ ဒီတော့ သူတို့ဖန်တီးတဲ့ အောက်ဆီဂျင်ကို ကျွန်တော်တို့ရှူရပြီး ကျွန်တော်တို့ အဆုတ်တွေအားဖြည့်လို့ သူတို့ဟာ အဆုတ်ဆေးကုသူတွေပါ။ သူတို့ကို "ဂုဏ်ထူးဆောင်ဆေးပညာဘွဲ့ (အဆုတ်)" ရယ်လို့ ဘွဲ့ပေးချင်ပါတယ်။

အသည်းကင်ဆာကာကွယ်ရေး သမားတော်ဆိုတာဘာလဲ

စားသုံးသူကာကွယ်ရေးအသင်းက ဦးဗအုပ်ခိုင်တို့ကတော့ အစားအသောက်ထဲမှာ ဆိုးဆေးရောတာ၊ ဓာတုပစ္စည်းရောတာတွေကို ထောက်ပြကြပါတယ်။ ဓာတုဆိုးဆေးတွေက အသည်းကင်ဆာကိုဖြစ်စေတော့ သူတို့ ထောက်ပြလို့ အသည်းကင်ဆာဝေဒနာအရေအတွက် နည်းမှာဖြစ်တယ်။ ကျွန်တော်သာ တက္ကသိုလ်တစ်ခုခုရဲ့အာဏာပိုင်ဆိုရင် ဦးဗအုပ်ခိုင်တို့အဖွဲ့ကို "ဂုဏ်ထူးဆောင်ဆေးပညာဘွဲ့(အသည်းကင်ဆာကာကွယ်ရေး)" ဘွဲ့လက်မှတ်ပေးချင်ပါတယ်။

မီဒီယာလောကမှာ အ့ယ်ဒီတာချုပ်လုပ်နေသူတွေကလည်း ပြည်သူတွေ

ရဲ့ ဉာဏ်မျက်စိကိုဖွင့်ပေးတာဖြစ်လို့ ကျွန်တော်သာ လုပ်ပိုင်ခွင့်ရှိသူဆိုရင် သူတို့ကို "ဂုဏ်ထူးဆောင်ဆေးပညာဘွဲ့(Wisdom Eye)"ရယ် လို့ ဘွဲ့ လက်မှတ်ပေးချင်ပါတယ်။

ခက်ပါသည် သို့သော် လွယ်ပါသည်

ခက်တာက ဘာလဲဆိုတော့ အဲ့ဒီလိုဂုဏ်ထူးဆောင်ဘွဲ့တွေပေးဖို့ ကျွန်တော်က တက္ကသိုလ်တစ်ခုခုရဲ့ အာဏာပိုင်မဟုတ်ပါဘူး။ ဒါပေမဲ့ လွယ်တာက ဘာလဲဆိုတော့ သူတို့ကလည်း ဘွဲ့တွေ၊ ဂုဏ်ထူးတွေလိုချင်လို့ ဒီလိုလုပ်နေတာမဟုတ်ပါဘူး။ ဒီတော့ ဆရာဝန်လုပ်ချင်သူတွေ ဂုဏ်ထူး ဆောင် ဆေးဆရာလုပ်ဖို့ လွယ်ကူလွန်းပါတယ်။ ဆေးတက္ကသိုလ်ဝင်ခွင့် ရရန်မလိုပါဘူး။ မိမိနာမည်ရှေ့မှာ ဒေါက်တာလို့တပ်ရန်မလိုဘူး။ ဆမ မှတ်ပုံတင်လည်းမလိုပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဆရာဝန်တွေနဲ့ မပြဖြစ် တဲ့ ရောဂါတွေ အများကြီးရှိပါတယ်။ အဲဒါတွေကတော့ "ရောဂါဗေဒ (Pathology)" ဆေးကျမ်းမှာမပါတဲ့ ဆေးကျမ်းပြင်ပရောဂါတွေပဲဖြစ်တယ်။

ဆေးကျမ်းမှာပါတဲ့ ရောဂါတွေရဲ့ဥပမာတွေကတော့ HIV တို့၊ TB၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ကြက်ငှက်တုပ်ကွေးစသည်ဖြင့် စုံလို့ပါ။ ရောဂါဗေဒဆေးကျမ်းမှာမပါတဲ့ရောဂါတွေကတော့

- အကျင့်ပျက်ခြစားတဲ့ရောဂါ၊
- ဥက္ကဋ္ဌနေရာလုကြတဲ့ရောဂါ၊
- ခြံစည်းရိုးခွထိုင်တဲ့ရောဂါ၊
- ဘယ်သူသေသေ ငတေမာရင်ပြီးရော ရောဂါ
- Hand Phone တစ်လုံးကို ၁၅၀၀ ကျပ်နဲ့ဝယ်ပြီး တစ်သိန်းနဲ့ ပြန်ရောင်းချင်တဲ့ရောဂါ

စသဖြင့် ဆေးကုရမယ့်ရောဂါတွေအများကြီးပါ။

အဲဒီရောဂါတွေက နားကြပ်နဲ့စမ်းလို့မရဘူး။ ဉာဏ်နဲ့မြင်အောင် ကြည့်ရမယ်။ ဆရာဝန်တို့ရဲ့ အဓိကလက်နက်ဟာ နားကြပ်မဟုတ်ဘူး။ ဉာဏ် (Wisdom)ပဲဖြစ်တယ်။ နားကြပ်ဖုန်တက်တာ ဝမ်းနည်းရန်မလိုပါ။ ဉာဏ်ပညာ (Wisdom) ဖုန်မတက်ဖို့ အရေးကြီးပါတယ်။

ဆေးကျောင်းတက်ခွင့်မရလို့ နားကြပ်ကိုင်ခွင့်မရတာ ဝမ်းနည်းရန်မလိုပါ။ ကျွန်တော်တို့မှာ မွေးရာပါဉာဏ် (Wisdom) ဆိုတာရှိတယ်။ ဉာဏ်ကိုသုံးပြီးကုရမယ့် ရောဂါတွေ များလှပါတယ်။

အရေးကြီးတာကတော့ စေတနာမှန်ဖို့ပဲဖြစ်ပါတယ်။

နားကြပ်ကို ကိုင်ချင်ရင်လည်းကိုင်
မကိုင်ချင်ရင်လည်းနေ
စေတနာခိုင်ခန့်စွာနဲ့
ဉာဏ်ပိုင်ကြပါစို့ရယ်လို့
ဆော်သြလိုက်ချင်ပါတယ်။

* * *

ဥာဏ်မှုက်စိမ်ပြင့်ကြည့်လျှင် သဘာဝပတ်ဝန်းကျင်ကို အမှန်တကယ်ထိခိုက်စေသော မော်တော်ယာဉ်၏အဓိပ္ပာယ်

၂၀၁၁ တွင် ဂျာနယ်တစ်စောင်၏ အဆိုအရ တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တော်တွင် လေထုညစ်ညမ်းမှုကို မြင့်မားစေသော မော်တော် ယာဉ်လေးသိန်းကျော်အား ဘေဂျင်းလမ်းမများပေါ်မှနေ၍ လာမည့် ၅ နှစ်အတွင်း ဖယ်ရှားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအာဏာပိုင်တို့က ဆိုကြောင်း သိရပါသည်။

လက်တွေ့တွင် လေထုညစ်ညမ်းမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုကို ခံစားနေရသည်မှာ ဘေဂျင်းမြို့တစ်ခုတည်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးလိုလို ခံစားရတာဖြစ်ပြီး အားလုံးနှင့်သက်ဆိုင်ပါ၍ ဤဆောင်းပါးကို ရေးသားတင်ဆက်အပ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်စေသော ယာဉ်များကို ဖယ်ရှားမည် ဆိုပါက ဘယ်ယာဉ်က ပတ်ဝန်းကျင်ထိခိုက်စေလဲ၊ ဘယ်ယာဉ်က ပတ်ဝန်းကျင်မထိခိုက်စေလဲဆိုတာ သေချာရန်လိုပါ၏။ မှားယွင်းပြီး ဖယ်ရှားမိပါက ပတ်ဝန်းကျင်ကို ပိုမိုထိခိုက်စေမည်ဖြစ်ပါသည်။

မီးခိုးထွက်ရသည့်ယာဉ်၊ သို့မဟုတ် ဓာတ်ဆီနှင့်အင်ဂျင်ဝိုင် အမြဲရောထည့်ရသည့် အင်ဂျင်ဒီဇိုင်း

ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ကျေးလက်ဒေသများ၌ ဆရာဝန်လုပ်နေစဉ် မော်တော်ဆိုင်ကယ်တစ်စီးကို ဝယ်စီးခဲ့ရာတွင် ၎င်းဆိုင်ကယ်သည် အင်ဂျင်ဝိုင်ထည့်ရန် သီးခြားအကန့်မပါဘဲ ဓာတ်ဆီနဲ့ အင်ဂျင်ဝိုင်ကိုရော၍ထည့်ရသော အမျိုးဖြစ်၏။ Two STOKE ENGINE (နှစ်ဆင့်အင်ဂျင်)ဟုခေါ်၏။ အသစ်ချပ်ချွတ် မော်တော်ဆိုင်ကယ်ပင် ဖြစ်စေကာမူ မီးခိုးအမြဲထွက်၏။ ဤသို့သော ယာဉ်မျိုးကတော့ ပတ်ဝန်းကျင်လေထုကို အမှန်ပင် ညစ်ညမ်းစေပါသည်။

သာမန်မျက်စိဖြင့်ကြည့်လျှင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသောယာဉ်ဆိုတာဘာလဲ

မော်ဒယ်နိမ့်သော ကားအို၊ ကားဟောင်းများသည် သူတို့၏ အင်ဂျင်မှာ ယိုယွင်းလာပြီဖြစ်၍ မီးခိုးထွက်ပြီး ပတ်ဝန်းကျင်ကို ထိခိုက်သည်ဟု ထင်စရာရှိပါသည်။ အမှန်တော့ ဤကဲ့သို့သော ကားမျိုးကို လမ်းပေါ်က ဖယ်ရှားရန်မလိုပါ။ အင်ဂျင်ပြုပြင်ခြင်း (သို့မဟုတ်) အင်ဂျင်ဟောင်းကို ဖြုတ်ချပြီး အင်ဂျင်အသစ်လဲတပ်လိုက်လျှင် ပြဿနာပြေလည်ပြီးဖြစ်ပါသည်။ ဆင်းရဲသောဖွံ့ဖြိုးဆဲနိုင်ငံများတွင် မော်တော်ကားဆိုသည်မှာ နိုင်ငံခြားငွေနဲ့ပေးဝယ်ရတာဖြစ်ပြီး ထိုသို့ဝယ်နိုင်ရေးအတွက် ခက်ခက်ခဲခဲပိုက်ဆံရှာရတာဖြစ်ပါသည်။

အင်ဂျင်တစ်လုံးလဲလိုက်လျှင် ကောင်းသွားသည့် ကားတစ်စီးအားတစ်စီးလုံးဖျက်သိမ်းမည်ဆိုပါက နေမြောစရာကောင်းမည်ဟု ဆိုချင်ပါ၏။

မော်ဒယ်နိမ့်တဲ့ကားနဲ့ မော်ဒယ်မြင့်တဲ့ကားတို့သည် ဘယ်သူက ပတ်ဝန်းကျင်ကို ပိုပြီးဖျက်ဆီးသလဲ

ယေဘုယျအားဖြင့် ကြည့်မယ်ဆိုရင်တော့ မော်ဒယ်နိမ့်တဲ့ ကားက မီးခိုးထွက်၍ ပတ်ဝန်းကျင်ကိုထိခိုက်စေ၏။ သို့သော် ဉာဏ်ဖြင့်စဉ်းစားပါသော် မော်ဒယ်နိမ့်ကားကို အင်ဂျင်လဲလိုက်၍ မီးခိုမထွက်တော့ဘူးဆိုပါစို့။